ပြဟ္မ စရိယဥ္စ ဧတံ မင်္ဂလ မုတ္တမံ၊ မြတ်သောအကျင့်ကို ကျင့်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

ကြည့် ရှု စစ် ဆေး

၁၃၆၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက်၊ ၂၀၀၃ ခုနှစ်၊ ဇူလိုင် ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၀)၊ အမှတ်(၂၉၃)


## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်တွင် ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

## ရန်ကုန်တိုင်းဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့်ကြက်မွေးမြူရေးအထူးဇုန် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကြည့်ရှုစစ်ဆေးဖြည့်ဆည်းဆောင်ရွက်ပေး

ရန်ကုန် ဇူလိုင် ၂၁

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် အမှတ်(၁)စစ်ဒေသမှူး ဗိုလ်မှူးကြီးထွန်းကြည်နှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာအနီးရှိ ရန်ကုန်တိုင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်၊ ငါးမွေးမြူရေးအထူးဇုန်သို့ သွားရောက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသား စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များအားတွေ့ဆုံပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးကာ အထူးဇုန်များ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။**

စာမျက်နှာ ၃ ကော်လံ ၁ ✡

## နိုင်ငံတော်ကပံ့ပိုး မြေလတ်ဒေသဖွံ့ဖြိုး

**သတင်းဆောင်းပါး-မောင်မောင်ကျော်**

နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူအများစုသည် ကျေးလက်ဒေသတွင် အခြေပြုကြသည်။ လူအများစု နေထိုင်သည့် ကျေးလက်နေပြည်သူများ၏ လူမှုရေးနှင့် စီးပွားရေးလိုအပ်ချက်များကို မြှင့်တင်ပေးခြင်းသည် ပြည်သူတို့၏ ဘဝကို မြှင့်တင်ပေးခြင်းပင်ဖြစ်သည်။

ထို့ကြောင့်နိုင်ငံတော်အစိုးရက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းကြီးကို ချမှတ်၍ ကျေးလက်ဒေသ၏ လူနေမှုဘဝ နှင့် စီးပွားရေးအဆင့်အတန်းမြင့်မားလာအောင် အားသွန်ဆောင်ရွက်ပေးလျက်ရှိသည်။ ***စာမျက်နှာ ၁၃ ကော်လံ ၁*** ●

မကွေးတိုင်း စေတုတ္တရာမြို့နယ်တွင် လယ်မြေဧက တစ်သိန်းကျော်ကို စိုက်ပျိုးရေပေးဝေပြီး ရေအားလျှပ်စစ် ၇၅ မဂ္ဂါဝပ်ထုတ်လုပ်မည့် မုန်းချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းကို တွေ့ရစဉ်။ (သတင်းစဉ်)



## ရှေ့ဆက်ရမည့်ခရီးမှာ ထိပ်တိုက်တွေ့မှုတွေ မလွဲမသွေဖြစ်တော့မယ်ဆိုတာတွက်မိ

"...နိုင်ငံရေးလုပ်တဲ့နေရာမှာ အချိန်အခါပေါ်မူတည်ပြီး ရှေ့ကို တိုးသင့်တဲ့အချိန်မှာ ရှေ့ကိုတိုးရမယ်၊ နောက်ကို ဆုတ်သင့်တဲ့အချိန်မှာ နောက်ကို ဆုတ်ရမယ်၊ စွန့်လွှတ်သင့်ရင်လဲ စွန့်လွှတ်ရမှာပဲ..."

ဆိုတဲ့စကားနဲ့ ပါတီဝင်တွေ မိုက်ရူးရဲဆန်ဆန် လုပ်ချင်လာအောင် ရဲဆေးတင်ပေးတာတွေလဲ ရှိနေတယ်လေ။ အဲဒီတော့ ရှေ့ဆက်ရမယ့် ခရီးမှာ ထိပ်တိုက်တွေ့မှုတွေ မလွဲမသွေ ဖြစ်တော့မယ်ဆိုတာကို ကျွန်တော် တွက်မိနေတယ်။

***(စာမျက်နှာ-၈၊ မောင်ရင်မှိုင်းဆောင်းပါးမှ)***

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၃ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်)

# သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ရှိရှိ ဦးတည်ချက်မိမိ အကောင်အထည်ဖော်

ယနေ့နိုင်ငံတကာတွင် IT နည်းပညာသည် အလွန်မြန်ဆန်စွာ တိုးတက်ဖွံ့ဖြိုးတွင်ကျယ် ကြီးစိုးလာနေသည်။ သတင်းအချက်အလက်တစ်ခုကို ကမ္ဘာ့အစိတ်အပိုင်းနေရာဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ အချိန်နှင့်တစ်ပြေးညီ ပေးပို့နိုင်နေပြီဖြစ်သည့်အပြင် ထို့ထက်ပိုမိုမြန်ဆန်စွာ တိုးတက်ဖြစ်ထွန်းလာလျက်ရှိနေသဖြင့် ကမ္ဘာ့ရွာကြီးဟုပင် ခေါ်ဆိုနေကြပြီ ဖြစ်သည်။

ထို့ကြောင့်ကမ္ဘာ့နိုင်ငံအသီးသီးသည် IT အတတ်ပညာကို မသင်ယူမတတ်မြောက်လျှင် မဖြစ်နိုင်တော့သည့် အခြေအနေကို ရောက်ရှိနေပြီဟုဆိုရမည်ဖြစ်သည်။မိမိတို့နိုင်ငံအတွင်း IT အတတ်ပညာကို ကဏ္ဍတိုင်း၊ အလွှာတိုင်း၌ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်။

ယခုအချိန်အခါတွင် မြန်မာနိုင်ငံတော်အတွင်း IT အတတ်ပညာများ တိုးတက်ဖြစ်ထွန်းရေး၊ တွင်ကျယ်စွာ အသုံးချနိုင်ရေးနှင့် e-Government ဖြစ်ထွန်းရေးတို့အတွက် နိုင်ငံတော်အစိုးရ၏ အားပေးပံ့ပိုးမှုဖြင့် တိုင်းရင်းသား ကွန်ပျူတာ လုပ်ငန်းရှင်များ၊ ပညာရှင်များပူးပေါင်းလျက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အီလက်ထရွန်နစ်အမျိုးသားအဆင့်လုပ်ငန်းအဖွဲ့၏ e-Government လုပ်ငန်းများနှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြပွဲအခမ်းအနားကို ဇူလိုင်လ ၂၀ရက်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာ့သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအဆောက်အအုံ၌ ကျင်းပရာ မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

မြန်မာနိုင်ငံကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကား ပြောကြားရာတွင်–

**"နိုင်ငံတော်အစိုးရအနေဖြင့် e-Government စနစ်ဖြစ်ထွန်းလာအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရေးအတွက် e-Government၏သဘောသဘာဝ ဆောင်ရွက်ဖွယ်လုပ်ငန်းများ၊ တိုင်းရင်းသား IT လုပ်ငန်းများမှ ပံ့ပိုးဆောင်ရွက်နိုင်မည့် အခြေအနေများကို ညှိနှိုင်းဆွေးနွေးနိုင်စေရန် ယခုကဲ့သို့ ပံ့ပိုးဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းရှင်များနှင့် လက်တွေ့အကောင်အထည်ဖော်ရမည့်တာဝန်ရှိပုဂ္ဂိုလ်များကို ချိတ်ဆက်ပေးခြင်းဖြစ်ကြောင်း"**

ပြောကြားသွားသည်။

နိုင်ငံတော်အစိုးရ၏ အားပေးချီးမြှောက်မှု၊ IT ပညာရှင်များ လုပ်ငန်းရှင်များ၏ တက်ကြွစွာ အားထုတ်ကြိုးပမ်းမှုများကြောင့် နိုင်ငံတကာ အဆင့်မီ MICT Park နှင့် Bagan Teleport တို့ကဲ့သို့သော IT ပညာရပ်ဆိုင်ရာ အခြေခံအဆောက်အအုံများ အချိန်တိုကာလအတွင်း ပေါ်ထွန်းလာခဲ့သည်။

ဤကဲ့သို့ အချိန်တိုကာလအတွင်း IT ဆိုင်ရာအဆင့်မြင့် အခြေခံအဆောက်အအုံများနှင့် တကွ IT ပညာရပ်များ တိုးတက်ဖြစ်ထွန်းလာခြင်းမှာ မြန်မာလူငယ်ပညာရှင်များ၊လုပ်ငန်းရှင်များ၏ ကိုယ်ပိုင်အရည်အချင်း၊ ကိုယ်ပိုင်အရည်အသွေးရှိ၍ ဖြစ်သကဲ့သို့ နိုင်ငံအတွင်း စွမ်းဆောင်ရည်မြင့်မားသည့် ပညာရှင်များ ပေါ်ထွန်းနေ၍ပင် ဖြစ်သည်။

ယခုအခါ Software ကဏ္ဍတွင် ပြည်တွင်းပြည်ပနှင့် ပူးပေါင်းလျက် လုပ်ငန်းများဆောင်ရွက်နေသည့် IT ကုမ္ပဏီများစွာရှိနေပြီ ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် e-Government ဖြစ်ထွန်းလာရေးအတွက် မဖြစ်မနေဆောင်ရွက်သွားမည်ဆိုသည့် သဘောထားဖြင့် ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပေသည်။

အချို့သောဝန်ကြီးဌာနများအနေဖြင့် IT နည်းပညာများအသုံးပြုနေပြီ ဖြစ်သည်။ e-Government ဖြစ်ထွန်းလာရေးအတွက် ဝန်ကြီးဌာနများအားလုံးက ရည်မှန်းချက်ရှိရှိဖြင့် ဆောင်ရွက်သင့်ဆောင်ရွက်အပ်သည်များကို အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်သည်။

မြန်မာ IT လုပ်ငန်း ကုမ္ပဏီများအနေဖြင့်လည်း နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာလုပ်ငန်းများ၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲရေး၊ရုံးလုပ်ငန်းဆိုင်ရာများနှင့် စပ်လျဉ်းပြီး ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်မည့် IT အစီအစဉ်များကို ကျယ်ကျယ်ပြန့်ပြန့် တီထွင်ဖန်တီးထားပြီးလည်းဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ဝန်ကြီးဌာနများအနေဖြင့် မိမိတို့ဝန်ကြီးဌာန၏လုပ်ငန်းများ၊ ရည်မှန်းချက်တာဝန်များအရ အထောက်အကူအဖြစ်နိုင်ဆုံး၊ အဆီလျော်ဆုံးဖြစ်မည့် IT လုပ်ငန်းများ၊ IT ကုမ္ပဏီများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး e-Government ဖြစ်ထွန်းလာရေးအတွက် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်မှန်းချက်ရှိရှိ၊ ဦးတည်ချက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။



တောင်ဥက္ကလာပ မြို့နယ် ဥက္ကလာပစေတီတော်တွင် ၁၃၆၅ခု ဝါဆိုလပြည့် နေ့ (ဇူလိုင် ၁၃ရက်) က ဓမ္မစကြာအခါတော်နေ့ ကျင်းပစဉ်။ (၂၀၀)

## အောင်မြေသာယာရွှေစေတီတော် ရွှေထီးတော်သစ် တင်လှူမည်

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အောင်မြေသာယာရွှေစေတီ ဂေါပကအဖွဲ့နှင့် သြဝါဒါစရိယဆရာတော်ကြီးများ ပုံမှန်အစည်းအဝေးနှင့် စေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ထီးတော်အသစ်ပြန်လည်မွမ်းမံလှူဒါန်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၆ရက်က အဖွဲ့ရုံးတွင် ကျင်းပရာ စေတီတော်သြဝါဒါစရိယဆရာတော်ကြီးကိုးပါးကြွရောက် ချီးမြှင့်ကြပြီး အောင်မြေသာယာရွှေစေတီ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသန်းမြင့်နှင့် ဂေါပကအဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးတင်ထွန်းဇော်၊ မြို့နယ်သာသနာရေးဦးစီးဌာနမှတာဝန်ရှိသူများတက်ရောက်ကြည်ညိုကြသည်။

အောင်မြေသာယာရွှေစေတီတော်မြတ်ကြီး၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်ထီးတော်မြတ်ကြီးအား ၁၃၆၅ ခုနှစ် တပို့တွဲလတွင် အသစ်ပြန်လည်တင်လှူမည်ဖြစ်ကြောင်းနှင့်ပါဝင်လှူဒါန်းလိုသူများ ဂေါပကအဖွဲ့ရုံး ဖုန်း– ၂၄၇၂၈၈သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၈၀)**



**ဇူလိုင် ၁၃ရက်က တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင်ကျောင်းတိုက်၏ (၂၅)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲ ကျင်းပရာ ဆရာတော်ကြီး ဘဒ္ဒန္တ နန္ဒိယအား တပည့်ဒါယကာ၊ဒါယိကာမများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်စဉ်။ (က–ပ)**

## အင်္ဂလိပ်စကားပြော သင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၁**

မူလတန်း၊ အလယ်တန်း၊အထက်တန်း ကျောင်းသား ကျောင်းသူများနှင့် ရုံးဝန်ထမ်း၊ ကုမ္ပဏီ ဝန်ထမ်းများ အင်္ဂလိပ်စကားကျွမ်းကျင်စွာ ပြောဆိုနိုင်ရန် ဆရာမကြီး ဒေါ်တင်လှိုင် ဦးစီး၍ ဆရာမများ စနစ်တကျ သင်ကြားပေးမည့် အင်္ဂလိပ်စကားပြောသင်တန်းသစ်ကို ဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများလှည်းတန်း မီးပွိုင့်အနီးရှိ ဒေါ်တင်လှိုင် ရုပါအေဝမ်း အင်္ဂလိပ်စကားပြောသင်တန်း ဖုန်း– ၅၁၁၂၃၁သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ (က–ပ)

## ဆုချီးမြှင့်

**ကမာရွတ်မြို့နယ် အမက(၉)တွင် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇူလိုင်၁၂ ရက်၌ ပြုလုပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးစန်းအောင်ကဒုတိယတန်းပထမဆုရ မအိမ့်သဥ္ဇာကျော်ဦးအား ထူးချွန်ဆု ချီးမြှင့်စဉ်။ (၃၄၉)**






## ပေးအပ်လှူဒါန်း

**ရန်ကုန်မြို့ တာမွေမြို့နယ် သြဘာလမ်းအမှတ်(၈၆)နေ ဦးအေးမြင့်–(ဒေါ်မေကြည်) မိသားစု တို့က ဆွမ်းနှင့် ဆေးပဒေသာပင်အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)**

# အီရတ်အုပ်ချုပ်ရေးအဖွဲ့ အီရတ်ပြည်သူနှင့်တသီးတခြားဖြစ်နေ အီရတ်ပြန်လည်တည်ဆောက်ရေးတွင် ကြီးစွာသောစိန်ခေါ်မှုများကြုံနေရ

ဝါရှင်တန် ဇူလိုင် ၂၀

အီရတ်ပြန်လည်တည်ဆောက်ရေးကြိုးပမ်းမှုများတွင် ကြီးစွာသောစိန်ခေါ်မှု အန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ အီရတ်ပြည်သူတို့အတွက် အန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်အကိုင်ရရှိရေး ပြဿနာသည် ထိပ်ဆုံးရောက်နေသော ပြဿနာများဖြစ်နေကြောင်းဖြင့် အမေရိကန်စစ်ဌာနချုပ်အကြံပေးအဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

## သီးခြားရပ်တည်

အမေရိကန်တို့ခန့်ပေးထားသည့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသော အီရတ်ယာယီအာဏာပိုင်အဖွဲ့မှာလည်း အီရတ်ပြည်သူတို့နှင့် အဆက်အသွယ်ပြတ်ပြီး အထီးကျန်ဘဝဖြင့် တသီးတခြားရပ်တည်နေရကြောင်း သောကြာနေ့ထုတ် နယူးယောက်စ်တိုင်းမ်သတင်းစာတွင် ဖော်ပြထားသည်။ အီရတ်ပြည်သူများသည် အလွန်အမင်းမျှော်လင့်ချက်ထားရှိနေကြကြောင်း၊ အကယ်၍သာ အီရတ်ပြည်သူတို့သည် နိုင်ငံရေးလောကတွင် ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခွင့်ရရှိသည့် အခွင့်အလမ်းများ၊ စီးပွားရေးအခွင့်အလမ်းများ၊ လုံခြုံရေးနှင့် အခြေခံဝန်ဆောင်မှုများမရရှိကြပါက အမေရိကန်တို့နှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာရှိတော့မည်မဟုတ်ကြောင်းဖြင့်လည်း ဖော်ပြထားသည်။

## အရေးကြီး

အီရတ်ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုအောင်မြင်မည်၊ မအောင်မြင်မည်ဆိုသည်ကို လာမည့် ၁၂လအတွင်း သဲသဲကွဲကွဲသိရှိနိုင်ကြလိမ့်မည် ဖြစ်ကြောင်း၊ လာမည့်သုံးလအတွင်း လုံခြုံရေးအခြေအနေ ပြန်ကောင်းလာရေးအတွက် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်းဖြင့်လည်း ဖော်ပြထားသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က အဖွဲ့ဝင်ငါးဦးပါ အကဲဖြတ်အဖွဲ့တစ်ဖွဲ့ကို အီရတ်နိုင်ငံသို့ ဇွန် ၂၇ရက်မှ ဇူလိုင် ၇ရက်အထိ စေလွှတ်ခဲ့ကြောင်းလည်း ဖော်ပြထားသည်။ ထိုအဖွဲ့ကလည်း အမေရိကန်ပြည်ထောင်စုအနေဖြင့် နိုင်ငံတကာအကူအညီ သိသိသာသာလိုအပ်နေကြောင်း၊ ဘုရှ်အစိုးရအနေဖြင့်လည်းပစ္စည်း၊ လူနှင့်အလျှော့အတင်းပိုမိုဖြည့်တင်းပေးခွင့်ရှိအောင် ယာယီအာဏာပိုင်အဖွဲ့ကို အခွင့်အာဏာ ပေးရမည်ဖြစ်ကြောင်း မှတ်ချက်ချခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ရှာဖွေစစ်ဆေး

**အီရတ်နိုင်ငံဘဂ္ဂဒက်မြို့တွင် အီရတ်စစ်သားဟောင်းများကို အမေရိကန်တပ်ဖွဲ့ဝင်များက ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသည်ကို ဇူလိုင် ၁၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



## ဗြိတိသျှလက်နက်ကျွမ်းကျင်သူသေဆုံးမှု ဘလဲကိုပြင်းထန်သောမေးခွန်းများမေး ၎င်းကျင့်သုံးခဲ့သောအီရတ်မူဝါဒအပေါ် ဝေဖန်မှုများအသစ်ပေါ်ပေါက်

ဘဂ္ဂဒက် ဇူလိုင် ၂၁

**ဗြိတိသျှလက်နက်ကျွမ်းကျင်သူ ကယ်လီသေဆုံးရသော အဖြစ်အပျက်ပေါ်ပေါက်ခဲ့ရပြီးနောက်ပိုင်းတွင် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲအပေါ် ၎င်းကျင့်သုံးခဲ့သော အီရတ်မူဝါဒနှင့်ပတ်သက်၍ ဝေဖန်မှုများ အသစ်တစ်ဖန်ထွက်ပေါ်လာသည်။**

ရဲများက လန်ဒန်မြို့မြောက်ဘက် ကျေးလက်ဒေသတွင် အလောင်းတစ်လောင်းတွေ့ရှိခဲ့ကြရာ ထိုအလောင်းသည် ပျောက်ဆုံးနေသည်ဆိုသော ဗြိတိန်ကာကွယ်ရေး ဝန်ကြီးဌာနမှ အရာရှိ ဒေးဗစ်ကယ်လီ၏ အလောင်း ဖြစ်ကြောင်း ရဲအဖွဲ့က စနေနေ့၌ အတည်ပြုခဲ့သည်။

ကယ်လီသည် အသက်(၅၉)နှစ် ရှိပြီဖြစ်ပြီး ၎င်းအား လက်ကောက်ဝတ်တွင် ထိရှထားသော ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိရကြောင်း ရဲဌာနက ပြောကြားသည်။ သေဆုံးသူ ကယ်လီ၏နေအိမ်သည် အောက်စဖို့ ရှိုင်းရားဒေသ ဆောက်သ်မော အရပ်တွင် တည်ရှိသည်။ သူ၏အလောင်းကို ၎င်း၏နေအိမ်မှ ငါးမိုင် အကွာအဝေးတွင် တွေ့ရှိရခြင်းဖြစ်ပြီး အလောင်းအနီးတွင် ဓားတစ်ချောင်းနှင့် အကိုက်အခဲ ပျောက်ဆေးတစ်ထုပ်ကိုလည်း တွေ့ရသည်ဟုဆိုသည်။

ရဲအဖွဲ့သည် ယခုအမှုကို စုံစမ်းနေကြဆဲ ဖြစ်ပြီး ယခုအဆင့်အထိ အမှုတွင် အခြားတစ်စုံတစ်ဦး ပါဝင်ပတ်သက်နေသည့် လက္ခဏာ မတွေ့ရသေးဟု သိမ်းဘယ်လီရဲစခန်းမှ ရဲမှူးဒေးဗစ်ပါနေးလ်က ပြောကြားသည်။

အီရတ်နိုင်ငံရှိ လူအစုလိုက်သေစေနိုင်သော လက်နက်များကိစ္စကို ဗြိတိန်အစိုးရက အီရတ်ကို စစ်တိုက်နိုင်စေရန်အတွက်ကုလားဖန်ထိုးအသုံးချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက သတင်းထုတ်ပြန်သွားခဲ့သည်။ ထိုကိစ္စကြောင့် ဘီဘီစီနှင့် ဗြိတိန်အစိုးရတို့အကြား အကြီးအကျယ် ပြဿနာတက်လျက်ရှိသည်။ ထိုပြဿနာ အကြားတွင် ဇီဝလက်နက် ကျွမ်းကျင်သူ ကယ်လီသည် ကြားညှပ်ပါဝင်ပတ်သက်နေသည်။

ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက ကယ်လီသေဆုံးရသည့်ကိစ္စမှာ တုန်လှုပ်ချောက်ချားစရာ၊ ဝမ်းနည်းဖွယ်ရာကိစ္စရပ်ဖြစ်သည်။ ကယ်လီ၏ မိသားစုအတွက် လွန်စွာဝမ်းနည်းမိပါသည်။ သူသည် တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းတစ်ဦးဖြစ်ပြီး နိုင်ငံ့အတွက် အလုပ်အကျွေးများစွာ ပြုခဲ့သည်။ သူရှိနေသေးလျှင်လည်း ဆက်လက်အကျိုးပြုနေဦးမည်သာ ဖြစ်ပါသည်ဟု ပြောကြားခဲ့သည်။

ကယ်လီ၏မိသားစုက ကယ်လီသည် အခက်အခဲအကျပ်အတည်းများ ရှိနေသည့် အခြေအနေ၌ပင် ဂုဏ်သိက္ခာရှိစွာဖြင့် သိမ်မွေ့နက်နဲသော အမှန်တရားရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်ဟု ထုတ်ဖော် ဖွင့်ဟသွားသည်။

လွန်ခဲ့သော သီတင်းပတ်များအတွင်း ဖြစ်ပေါ်ခဲ့သော အခြေအနေများသည် ကယ်လီ၏ဘဝအပေါ် သည်းမခံနိုင်လောက်အောင် ရိုက်ခတ်ခဲ့သည်။ ထိုကိစ္စတွင် ပါဝင်ပတ်သက်နေသူ အားလုံးသည် ၎င်းကိစ္စ၏ ရိုက်ခတ်မှုဒဏ်ကို အချိန်ကြာမြင့်ပြီး ပြင်းထန်စွာ ခံစားကြရလိမ့်မည်ဟု ဆိုသည်။

ဗြိတိန်ဝန်ကြီးချုပ်သည် ထိုအမှုဖြစ်သည့်အချိန်တွင် ဂျပန်နိုင်ငံ၌ ရောက်ရှိနေသည်။ ဂျပန်ဝန်ကြီးချုပ် ဂျူနီချီရိုကိုအိဇုမိနှင့် ပူးတွဲသတင်းစာ ရှင်းလင်းပွဲ ကျင်းပလျက်ရှိသည်။

သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များက ဝန်ကြီးချုပ် ဘလဲကို ကယ်လီအမှုကိစ္စနှင့် ပတ်သက်၍ ပြင်းထန်သော မေးခွန်းများမေးခဲ့ကြသည်။

သတင်းထောက်များက ကယ်လီ သေဆုံးမှုနှင့် ပတ်သက်ပြီး ဗြိတိန် ကာကွယ်ရေးဝန်ကြီး ဂျော့ဖ်ဟွန်းနှင့် ၎င်း၏ ဆက်သွယ်ရေးအကြီးအကဲ အလစ်တီရာ ကင်းဘဲလ်တို့ ရာထူးမှနုတ်ထွက်ပေးသင့်ပါသလား ဟူသော မေးခွန်းမျိုး မေးခဲ့ကြသည်။

**(အင်တာနက်)**

## အမေရိကန်တပ်ဖွဲ့ယာဉ်တစ်စီး ဗုံးပေါက်ကွဲမှုဖြစ် အမေရိကန်တပ်ဖွဲ့ဝင်များ နေ့စဉ်ရက်ဆက်တိုက်ခိုက်ခံနေရ

ဘဂ္ဂဒက် ဇူလိုင် ၂၀

**အီရတ်သမ္မတ ဆက်ဒမ်ဟူစိန် အာဏာရရှိခဲ့သောနှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် အီရတ်နိုင်ငံတစ်ဝန်းလုံးတွင် မငြိမ်သက်မှုများ ဖြစ်ပွားခဲ့သည်။**

ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ရှိ နန်းတော်မှ ဆက်ဒမ်၏ ရုပ်တုကို အမေရိကန်တို့က ဖောက်ခွဲဖြိုချခဲ့ရာ ဒေသခံများက မကျေနပ်ဘဲ ဆက်ဒမ်ဟူစိန်ကို ထောက်ခံမှုပြသည့်အနေဖြင့် သေနတ်များပစ်ဖောက်ကြွေးကြော်ခဲ့ကြပြီး မကြာသေးမီကမှ ဖွဲ့စည်းခဲ့သော အီရတ်အုပ်ချုပ်မှုကောင်စီကို ဖျက်သိမ်း ပေးရန်နှင့် အစိုးရသစ်ဖွဲ့စည်းရန်ပါ တောင်းဆိုခဲ့ကြသည်။

ထိုအတောအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့်အီရတ်တို့ အကြား အပြန်အလှန် ပစ်ခတ်မှုများ ဆက်လက် ဖြစ်ပွားနေသည်။ ဖော်လူဂျာမြို့၌ ဖြတ်သန်း မောင်းနှင်သွားသော အမေရိကန်တပ်ဖွဲ့ယာဉ် တစ်စီး၏အောက်မှဗုံးထပေါက်သည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့ရာ ဒေသခံများက သံပြိုင် ဟစ်ကြွေးကြသလို နောက်ထပ်ဖြတ်မောင်းသွားသော အမေရိကန်တို့၏ ယာဉ်များကိုလည်းခဲများနှင့်ပစ်ပေါက်ခဲ့ကြသည်။ အမေရိကန်တို့က အီရတ်တိုက်ခိုက်ရေးသမားများကို ချေမှုန်းနေသော်လည်း အမေရိကန် တပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုသည် မကြာသေးမီ သီတင်းပတ်များအတွင်းနေ့စဉ်ရက်ဆက် ဖြစ်ပွားနေဆဲဖြစ်သည်။ (စီစီတီဗွီ)

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ဒေါက်တာကယ်လီသေဆုံးမှု စုံစမ်းစစ်ဆေးမည်

**လန်ဒန် ဇူလိုင် ၂၀**

တားမြစ်ပိတ်ပင်ထားသည့် အီရတ်လက်နက်ရေးရာ ဗြိတိသျှပညာရှင် ဒေါက်တာဒေးဗစ်ကယ်လီ သေဆုံးကြောင်း ရဲတပ်ဖွဲ့က အတည်ပြုပြီးနောက် ဗြိတိသျှအဆင့်မြင့်တရားသူကြီးတစ်ဦးက သီးခြားစုံစမ်းစစ်ဆေးအဖွဲ့ အရေးတကြီးဖွဲ့စည်းသွားလိမ့်မည်ဟု ဗြိတိသျှအစိုးရက စနေနေ့တွင် ကြေညာသည်။ **အမ်အင်အေ၊ ဆင်ဟွာ**



**အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ရှိ အမေရိကန် အုပ်ချုပ်ရေးရုံး ဌာနချုပ်အပြင်ဘက်တွင် အမေရိကန် ဆန့်ကျင်ရေးဆန္ဒပြသူများကို စိုးရိမ်ကြီးစွာ စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်များကို ဇူလိုင် ၁၉ရက်က တွေ့မြင်ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ၂၀၀၃ခုဘဏ္ဍာနှစ်၏ ပထမကိုးလ အမေရိကန်အစိုးရလိုငွေ နှစ်ဆကျော်တိုးလာ

ဝါရှင်တန် ဇူလိုင် ၂၀

**အမေရိကန်ပြည်ထောင်စုအစိုးရသည့်၂၀၀၃ခုဘဏ္ဍာနှစ်၏ ပထမ ကိုးလတွင်စုစုပေါင်းအမေရိကန်ဒေါ်လာသန်း၂၇၀၅၀၀လိုငွေပြနေကြောင်းအမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနက သောကြာနေ့တွင် သတင်းထုတ်ပြန်သည်။**

**လွန်ခဲ့သည့် အောက်တိုဘာ ၁ရက်က စတင်သည့် ၂၀၀၃ ခုဘဏ္ဍာနှစ်၏ ပထမကိုးလတွင် လိုငွေပြမှုမှာ လွန်ခဲ့သည့် အလားတူကာလကအမေရိကန်ဒေါ်လာ သန်း ၁၁၆၃၀၀ထက် နှစ်ဆကျော်တိုးလာခဲ့သည်။**

**၂၀၀၃ ခုဘဏ္ဍာနှစ်၏ပထမကိုးလအတွင်း အမေရိကန်အစိုးရ ရရှိခဲ့သည့် အခွန်ငွေမှာ ယခင်ဘဏ္ဍာနှစ်အလားတူကာလကထက် ၃ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၅ ထရီလီယံသာ ရရှိခဲ့သည်။**

**သို့ရာတွင် အမေရိကန်ဗဟိုအစိုးရက အဆိုပါကိုးလတာကာလအတွင်း သုံးစွဲခဲ့သည့် အသုံးစရိတ်မှာ ယခင်နှစ် အလားတူ ကာလထက် ၆ဒသမ ၉ရာခိုင်နှုန်းတိုးပြီး အမေရိကန်ဒေါ်လာ စုစုပေါင်း ၁ ဒသမ ၆၂ ထရီလီယံ ရှိခဲ့သည်။** အမ်အင်အေ၊ဆင်ဟွာ

# ပြည်ပမှချမှတ်ပေးသည့် ဒီမိုကရေစီကို အီရတ်တို့မလိုလား ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ အတွင်းရေးမှူးချုပ်အစီရင်ခံ

ကုလသမဂ္ဂ ဇူလိုင် ၂၁

**အီရတ်ပြည်သူတို့သည် ယင်းတို့အပေါ် ပြည်ပမှပြဋ္ဌာန်းချမှတ်ပေးသည့် ဒီမိုကရေစီကို မလိုလားကြကြောင်း၊ ဥပဒေမဲ့ဘဝသည် ယင်းတို့၏ အဓိက စိုးရိမ်စရာအဖြစ် သဘောထားကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က စစ်ပြီးကာလ အီရတ်နိုင်ငံဆိုင်ရာ ပထမဆုံးတင်သွင်းသည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။**

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအန်နန်သည် အင်္ဂါနေ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးတွင် ဆွေးနွေးနိုင်ရေးအတွက် အဆိုပါ အစီရင်ခံစာကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ သောကြာနေ့က တင်သွင်း ခဲ့သည်။

အီရတ်အစိုးရသစ် တစ်ရပ် ဖွဲ့စည်းရာတွင် အထောက်အကူဖြစ်စေမည့် နိုင်ငံရေး အသွင်ကူးပြောင်းမှုတွင် ကုလသမဂ္ဂပါဝင်ရမည့် အခန်းကဏ္ဍကိုလည်း ဖော်ပြထားသည်။

အီရတ်နိုင်ငံတွင် ပါဝင်ဆောင်ရွက်ရမည့် ကုလသမဂ္ဂအခန်းကဏ္ဍ၌ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်ဝပ်ပိပြားရေးတာဝန်ကို မထည့်သွင်းဘဲဖယ်ရှားထားရမည်ဟုလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ၌ အတိအလင်း ဖော်ပြထားသည်။ ကြားဖြတ်အစိုးရ လျင်မြန်စွာ ဖွဲ့စည်းရေးကိစ္စသည် အဓိက အရေးကြီးသည်ဟူသောအချက်ကို အထူးကိုယ်စားလှယ်ကြီး ဘရာဇီးနိုင်ငံသား ဆာဂျီယိုဗီရာဒီမဲလိုးအား မှာကြားရန်လည်း အီရတ်ပြည်သူတို့ စီစဉ်နေကြောင်း ထည့်သွင်းဖော်ပြထားသည်။ အီရတ်ကို အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် အပြည့်အဝပြန်လည် ဖြစ်ပေါ်လာရေး ဆောင်ရွက်မည့် တိကျသည့် အချိန်ဇယားကို တွေ့မြင်လိုကြသည်မှာ အရေးကြီးသည့်အချက် ဖြစ်ကြောင်းဖြင့်လည်း ကိုဖီအန်နန်၏ အစီရင်ခံစာ၌ ဆက်လက်ဖော်ပြထားသည်။

အီရတ်နိုင်ငံအား စစ်ရေးအရ သိမ်းပိုက်ထားမှု အဆုံးသတ်စေမည့် လုပ်ရပ်များ၏ ရှင်းလင်း တိကျသည့် အဖြေကို အီရတ်ပြည်သူတို့ အလွန်အမင်းလိုလားနေသည်ဟုလည်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာတွင် ထည့်သွင်းဖော်ပြထားသည်။

**အမ်အင်အေ၊ ရိုက်တာ**



**ဇူလိုင် ၂၀ ရက်က အီရတ်နိုင်ငံ နာဂျက်ဖ်မြို့၌ ထောင်ပေါင်းများစွာသော ရှီးယားမွတ်စလင်များက အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြရာတွင် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်တစ်ဦးအား ရှီးယားမွတ်စလင်များက ဒေါသမျက်လုံးဖြင့် ဝိုင်းကြည့်နေကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# အီရတ်နိုင်ငံသို့ ရုရှားတပ်စေလွှတ်ရန် အစီအစဉ်မရှိ ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဗာနော့ဗ် ပြောကြား

**မော်စကို ဇူလိုင် ၂၀**

အီရတ်နိုင်ငံရှိ နိုင်ငံတကာငြိမ်းချမ်းမှု ထိန်းသိမ်းရေးတပ်ဖွဲ့တွင် ပါဝင်ထမ်းဆောင်ရန် ရုရှားတပ်ဖွဲ့တစ်ဖွဲ့ စေလွှတ်မည့်အစီအစဉ်မရှိသေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး အီဂေါအီဗာနော့ဗ်က သောကြာနေ့တွင် ပြောကြားလိုက်သည်။

ယင်းကိစ္စကို ယခုအချိန်အထိ မစဉ်းစားရသေးကြောင်း၊ အဓိကမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက် မရှိခြင်းပင်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ ပြောကြားချက်ကို ရုရှားသတင်းဌာနများက ဖော်ပြခြင်းဖြစ်သည်။ သက်ဆိုင်ရာဥပဒေအခြေခံများရရှိသည့်အခါတွင် ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံအများအပြားကသူတို့၏ သဘောထားရပ်တည်ချက်ကို ဆုံးဖြတ်ကြလိမ့်မည်ဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်ပင်ဖြစ်ကြောင်းဖြင့်လည်း ပြောကြားသည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# ပါကစ္စတန်၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်း လူပေါင်း ၃၃ ဦးထက်မနည်း သေဆုံးသည်ဟုဆို

အစ္စလမ္မာဘတ် ဇူလိုင် ၂၀

**ပါကစ္စတန်နိုင်ငံ တောင်ပိုင်းဒေသ၌ မုတ်သုံမိုး သည်းထန်စွာရွာသွန်းမှုကြောင့် လူ ၃၃ ဦးထက်မနည်း သေဆုံးခဲ့ရကြောင်း ပြည်တွင်းထုတ် အင်္ဂလိပ်သတင်းစာ သည်နယူးစ်တွင် စနေနေ့က ဖော်ပြသည်။**

လွန်ခဲ့သည့် နှစ်ရက်က ကရာချိမြို့တွင် လူ၁၂ ဦး အပါအဝင် ဆင်းဒ်ပြည်နယ်၏ တောင်ဘက်နေရာများ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ၂၃ ဦး သေဆုံးခဲ့ရသည်။

ကရာချိမြို့ အရှေ့မြောက်ဘက် ကီလိုမီတာ ၁၅၀ ခန့်အကွာရှိ ဟိုက်ဒရာဘတ်တွင်လည်း လူ ၁၁ဦး နောက်ထပ် သေဆုံးသွားကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းခဲ့ပြီးနောက် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းမှစတင်ကာ ကရာချိဆိပ်ကမ်းမြို့၌ လေပြင်းမုန်တိုင်းများ တိုက်ခတ်ခဲ့သည်။

ယင်းသို့ လေပြင်းတိုက်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုတို့ကြောင့် လမ်းမကြီးများနှင့် လမ်းသွယ်များတွင် ခြေကျင်းဝတ်နှင့် ဒူးခေါင်းအထိ ရေများ ဖုံးလွှမ်းခဲ့သည်။

အချို့လမ်းမများနှင့် လမ်းသွယ်များပေါ်တွင် သစ်ပင်များ လဲကျခဲ့သည်။ ထို့ကြောင့် အချိန် အတန်ကြာမျှ လမ်းပိတ်ဆို့မှု ဖြစ်ခဲ့ရကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# အမေရိကန် ရေတပ်သားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံး

**ဘဂ္ဂဒက် ဇူလိုင် ၂၀**

အီရတ်နိုင်ငံတွင် အမေရိကန် ရေတပ်သားတစ်ဦး တိုက်ပွဲနှင့်မဆိုင်သော သေနတ်ဒဏ်ရာဖြင့် သေဆုံးသွားကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ထိုရေတပ်သားမှာ အမှတ်(၁)ပြည်ပချီ မရိန်းတပ်ဖွဲ့မှဖြစ်ပြီး ၎င်းအား သေနတ်ပစ်မှု ဖြစ်ပွားရာနေရာ၌ပင် ဆေးဝါးကုသပေးကာ အနီးအနားရှိ ဆေးရုံသို့ သယ်ဆောင်သွားခဲ့သည်။ ဆေးရုံသို့မရောက်မီ လမ်းခရီး၌ ထိုရေတပ်သား သေဆုံးသွားသည်ဟုဆိုသည်။ မည်သည့်နေရာတွင် အခင်းဖြစ်ပွားသည်ဟု သတင်းမရရှိပေ။

ထိုမရိန်းတပ်ဖွဲ့မှာ အီရတ်နိုင်ငံ အလယ်ပိုင်း ဘဂ္ဂဒက်မြို့ တောင်ဘက်တွင် တာဝန်ထမ်းဆောင်နေသည်ဟု ယူဆရသည်။ ယခု သေဆုံးမှုပါဆိုလျှင် မေလ ၁ ရက် နောက်ပိုင်းတွင် အမေရိကန် အကျအဆုံးမှာ အနည်းဆုံး ၅၀ ရှိသွားပြီဖြစ်သည်။ ထိုအရေအတွက်အနက် အနည်းဆုံး ၃၃ ဦးမှာ တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။ မေလ ၁ရက်တွင် အမေရိကန်သမ္မတက အီရတ်၌ စစ်ပွဲကြီးပြီးသွားပြီဟု ပြောကြားခဲ့သည်။ **(အင်တာနက်)**

# အီရတ်နိုင်ငံရှိ အမေရိကန်တပ်များအား ဝိုင်းဝန်းကူညီရေး ကုလသမဂ္ဂကို အကူအညီတောင်းရန် အမေရိကန်စဉ်းစားနေရပြီ

ကုလသမဂ္ဂ ဇူလိုင် ၂၀

**အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်များ အပတ်စဉ် အသတ်ခံနေရသော အမေရိကန်ပြည်ထောင်စုသည် တစ်လလျှင် အမေရိကန်ဒေါ်လာ သန်း ၄၀၀၀ခန့် ကျခံသုံးစွဲနေရသည့် ယင်း၏ကုန်ကျစရိတ်ကို ခွဲဝေကျခံကြရန် သို့မဟုတ် တပ်ဖွဲ့များစေလွှတ်ပေးရန် ကမ္ဘာ့နိုင်ငံများအား စည်းရုံးသွေးဆောင်ပေးရေးအတွက် ကုလသမဂ္ဂဘက်သို့ ဦးလှည့် မေတ္တာရပ်ခံရန် စဉ်းစားနေရပြီဖြစ်သည်။**

သို့ရာတွင် အီရတ်နိုင်ငံသို့ တပ်ဖွဲ့များစေလွှတ်ရေးအတွက် အကူအညီပေးရန် လည်းကောင်း၊ စည်းရုံးပေးရန်လည်းကောင်း မည်သို့သော ကုလသမဂ္ဂ ဆုံးဖြတ်ချက်ကို စွမ်းဆောင်ပေးနိုင်လိမ့်မည်ဆိုသည့် စိတ်ကူးစိတ်သန်းမျိုး မည်သူ့တွင်မျှ မရှိကြောင်း သံတမန်များက ပြောကြားကြသည်။

နိုင်ငံရေးအရ ကုလသမဂ္ဂအကူအညီရရှိရေးအတွက် ကြိုးပမ်းခြင်းသည် အများလက်ခံနိုင်သည့် အခြေအနေမျိုးမရှိသလောက်နည်းပါးသည်ကို ပြသရာ ရောက်လိမ့်မည်ဟုလည်း သံတမန်များက ပြောကြားသည်။

အီရတ်သို့ စစ်သည်များစေလွှတ်ရေးအတွက် အမေရိကန်တို့၏ တောင်းဆိုချက်သည် အိန္ဒိယနှင့် ပြင်သစ်တို့ကဲ့သို့သော နိုင်ငံများအတွက် အခြေခံလိုအပ်ချက် မဖြည့်ဆည်းပေးနိုင်မီ အကျေအလည် ဖြေရှင်းပေးရမည့် ပြဿနာများ ကျယ်ကျယ်ပြန့်ပြန့် ရှိလာမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီး ဂျေရေမီဂရင်းစတော့က သတင်းထောက်များအား သောကြာနေ့က ပြောကြားသည်။

အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်ကြီး ဆာဂျီယိုဗီရာဒီမဲလိုးထံမှ အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအဖွဲ့ဝင်များက အင်္ဂါနေ့တွင် ကြားနာပြီးနောက်မှသာလျှင် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်တစ်စုံတစ်ရာ ပေါ်ပေါက်လာမည်ဟု သိရသည်။ အီရတ်အုပ်ချုပ်ရေးကောင်စီသစ် အဖွဲ့ဝင်သုံးဦးနှင့်အတူ ၁၅ နိုင်ငံပါဝင်သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီရှေ့တွင် အီရတ်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးသံတမန်ကြီးက အီရတ်အရေးကို တင်ပြမည်ဖြစ်သည်။

**အမ်အင်အေ၊ ရိုက်တာ**



## လူတစ်ကိုယ် ခေါင်းနှစ်လုံး

**အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ အောအိန္ဒိယဆေးဝါးသိပ္ပံ၌ လူတစ်ကိုယ်ခေါင်းနှစ်လုံးပါသည့် ၃၅ ရက်သား ကလေးငယ်ကို သူနာပြုဆရာမတစ်ဦးက ပွေ့ချီထားသည်ကို ဇူလိုင် ၂၀ ရက်က တွေ့ရစဉ်။**

**ထိုကလေးငယ်မှာ အသည်း၊ ဆီးအိမ်၊ အူနှင့် လိင်အင်္ဂါများ တစ်ခုတည်း ဆက်စပ်နေပြီး ဦးခေါင်း၊ ရင်ဘတ်နှင့် နှလုံးတို့မှာ တသီးတခြားစီ ဖြစ်နေသည်။** (ဓာတ်ပုံ-အင်တာနက်)

ဇူလိုင် ၂၀ ရက်က ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၁၅၀ အကွာရှိ နာဂျက်ဖ်မြို့၌ အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြပွဲတွင် ရှီးယားမွတ်စလင်တစ်ဦးက အမေရိကန်တပ်များကို ကျောက်ခဲဖြင့် ပစ်ခတ်စဉ်။ (ဓာတ်ပုံ-အင်တာနက်)



# ဒြိုးခြိမ်းချောက်တား၊ ထိန်းပါလေလွှင်၊ ထုတ်ကုန်ဖြင့်

## အီရတ်နိုင်ငံအတွင်း အခြေအနေများ မတည်မငြိမ်ဖြစ်နေဆဲ အမေရိကန်တို့ ကျူးကျော်မှုကို အီရတ်တို့ နေ့စဉ် ခုခံလျက်ရှိ

**ဘဂ္ဂဒက် ဇူလိုင် ၂၀**

အီရတ်စစ်ပွဲပြီးဆုံးခဲ့သည်မှာ သုံးလကြာပြီဖြစ်သော်လည်း နိုင်ငံအတွင်း အခြေအနေများမတည်ငြိမ်ဘဲ အခြေခံလိုအပ်ချက်များဖြစ်သည့် သဘာဝဓာတ်ငွေ့များ ပြတ်လပ်ပြီး ပြည်ပမှတင်ပို့နေရသည့်အဖြစ်သို့ ရောက်ရှိနေသည်။

**ပြတ်လပ်နေ**

အမေရိကန်တို့၏ ကျူးကျော်မှုကို အီရတ်တို့က နေ့စဉ်ခုခံလျက်ရှိရာ လတ်တလော တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့သည်။ ရေနံထုတ်လုပ်တင်ပို့သော အီရတ်တွင် သဘာဝဓာတ်ငွေ့များ ပြတ်လပ်နေပြီး ဘဂ္ဂဒက်မြို့သူမြို့သားများ ချက်ပြုတ်ရန်အတွက် တူရကီမှ ထရပ်ကား အစီး ၂၀၀ဖြင့် ဓာတ်ငွေ့အိုးများကို နေ့စဉ်နီးပါး သယ်ဆောင်ပေးနေရသည်။

**လိုလား**

ဓာတ်ဆီနှင့်လောင်စာရည်များ ဖြန့်ဝေမှုသည်လည်း စနစ်မကျဘဲ အမေရိကန်တို့သည် ၎င်းတို့အပေါ် မီခိုရလေအောင် တမင်တကာဆောင်ရွက်နေသည်ဟု အီရတ်ပြည်သူများက ပြောကြားနေကြသည်။ အီရတ်အခြေအနေ တည်ငြိမ်ရေးအတွက် အီရတ်ပြည်သူများကိုယ်တိုင်အုပ်ချုပ်သော အစိုးရအဖွဲ့ ဖွဲ့စည်းရန် ကုလသမဂ္ဂက လိုလားနေသည်။ **(စီအက်ဖ်အိုင်)**

**မြန်မာ့အလင်း နိုင်ငံခြားသတင်းများ**

## ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန အကြံပေးပုဂ္ဂိုလ်သေဆုံးမှု ဗြိတိသျှနိုင်ငံတွင် နိုင်ငံရေးမုန်တိုင်း တိုက်ခတ်လာ

**လန်ဒန် ဇူလိုင် ၂၀**

အီရတ်စစ်ပွဲနှင့် ပတ်သက်သည့် အငြင်းပွားနေမှုတွင် အဓိကနေရာမှ ပါဝင်ပတ်သက်နေသော ဗြိတိသျှအစိုးရ သိပ္ပံပညာရှင် အဏုဇီဝဗေဒပညာရှင် ဒေါက်တာဒေးဗစ်ကယ်လီ သေဆုံးခြင်းနှင့်ပတ်သက်၍ သို့လော သို့လော တွေးတောပြောဆိုမှုများမပြုလုပ်ကြတော့ရန် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက စနေနေ့တွင် မေတ္တာရပ်ခံခဲ့သည်။ ထိုပညာရှင်သေဆုံးမှုနှင့် ပတ်သက်၍ နိုင်ငံရေးအရ အကြီးအကျယ် စကားများမည့် ခြိမ်းခြောက်မှုအန္တရာယ်ရှိနေသဖြင့် ဗြိတိသျှဝန်ကြီးချုပ်ကိုယ်တိုင် ယင်းကဲ့သို့ မေတ္တာရပ်ခံ တားမြစ်ရခြင်းဖြစ်သည်ဟု သိရသည်။

ဗြိတိသျှကာကွယ်ရေးဝန်ကြီးဌာန ဇီဝဗေဒပညာရှင် ဒေါက်တာဒေးဗစ်ကယ်လီ သေဆုံးမှုကြောင့် နိုင်ငံရေးမုန်တိုင်းကျနေရုံသာမက ဝန်ကြီးချုပ် တိုနီဘလဲကို အယုံအကြည် လျော့စေသည့် အီရတ်လက်နက် အစီအစဉ်နှင့်ပတ်သက်သည့် အငြင်းပွားမှုအပေါ် ဗြိတိသျှအစိုးရကိုင်တွယ်ပုံနှင့် ပတ်သက်၍ စောဒကတက်မှုများ တိုးပွားလာခဲ့သည်။

**အမ်အင်အေ၊ရိုက်တာ**

## အမေရိကန်တို့ ဖွဲ့စည်းပေးသည့် အုပ်ချုပ်ရေးကောင်စီသစ်ကို ရှုတ်ချ ရှီးယားမွတ်စလင်တစ်သောင်းကျော် အမေရိကန်ဆန့်ကျင်ရေးဆန္ဒပြ

နာဂျက်ဖ်(အီရတ်) ဇူလိုင် ၂၁

**အီရတ်နိုင်ငံ၏ ရှေးဟောင်းမြို့တော် နာဂျက်ဖ်မြို့ရှိ အမေရိကန်ဦးဆောင်သည့် အီရတ်အုပ်ချုပ်ရေးအဖွဲ့ ဒေသဆိုင်ရာရုံးသို့ ဒေါသထွက်နေသော ရှီးယားမွတ်စလင် ၁၀၀၀၀ကျော်တို့ တနင်္ဂနွေနေ့က ချီတက်ပြီး ထင်ရှားသည့် ရှီးယားခေါင်းဆောင်ကိုအမေရိကန်တို့ ဒုက္ခပေးနေသည်ဆိုသည့် ကိစ္စနှင့်ပတ်သက်၍ အမေရိကန်တို့အား ဆန့်ကျင်ဆန္ဒပြကြသည်။**

သောကြာနေ့တွင် ပြင်းထန်လှသည့် အမေရိကန် ဆန့်ကျင်ရေး တရားဟောခဲ့သည့်ဆိုကာ ရှီးယား ခေါင်းဆောင် မော့တာဒါအယ်ဆက်၏ နေအိမ်ကို နာဂျက်ဖ်မြို့ရှိ အမေရိကန်တပ်ဖွဲ့ဝင်များက စနေနေ့က ဝိုင်းထားကြသည်ဟု အဆိုပါ ရှီးယားဆန္ဒပြသမားများက ပြောဆိုကြသည်။

**ရှုတ်ချ**

မော့တာဒါသည် သြဇာတိက္ကမအကြီးမားဆုံး ရှီးယား ခေါင်းဆောင်များတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး အမေရိကန်တို့ ဖွဲ့စည်းပေးသည့် အီရတ်အုပ်ချုပ်ရေး ကောင်စီသစ်ကို ရှုတ်ချပြောဆိုခဲ့သည်။

**ကာရံ**

အမေရိကန်ဦးဆောင်သည့်ဒေသန္တရ ပူးပေါင်း အာဏာပိုင်အဖွဲ့၏ ဒေသဆိုင်ရာရုံးမှ တစ်မိုင်ကျော်အကွာအဝေးတွင် အီရတ်ဆန္ဒပြသူများ မဝင်နိုင်အောင် အမေရိကန် တပ်ဖွဲ့ဝင်များ ချထားသည့်အပြင် သံဆူးကြိုးများဖြင့်လည်း ကာရံထားသည်။

**စောင့်ကြပ်**

အဆိုပါရုံးကို သံချပ်ကာ စစ်သည်တင်ယာဉ် နှစ်စီးထက်မနည်း စောင့်ကြပ်နေရပြီး နီးစပ်ရာ အိမ်ခေါင်မိုးများပေါ်၌ အမေရိကန်တပ်ဖွဲ့ဝင်များကို ချထားရသည်ဟုလည်း သိရသည်။

**မနစ်မြို့**

ယခုပြုလုပ်သည့် ဆန္ဒပြပွဲသည် မိမိတို့ ရှီးယားခေါင်းဆောင်အပေါ် အမေရိကန်တို့ ဆက်ဆံပုံကို မနှစ်မြို့သောကြောင့် ပြသသည့် ဆန္ဒပြပွဲဖြစ်ကြောင်း ရှီးယားအရာရှိတစ်ဦးက ပြောသည်။

အိုင်မင်မော့တာဒါကို ဘုရှ်ကိုယ်တိုင် တောင်းပန်စေချင်သည်ဟုလည်း ပြောကြသည်။

**အမ်အင်အေ၊ရိုက်တာ**

## နျူကလက်နက်များရရန် အီရတ်ကြိုးပမ်းဆိုသော ပြောဆိုချက် အမှတ်တမဲ့ အမှားမဟုတ်ကြောင်း ဒီမိုကရက်အမတ်ပြောဆို

**ဝါရှင်တန် ဇူလိုင် ၂၁**

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်ပြောကြားခဲ့သော မိန့်ခွန်းတစ်ရပ်တွင် အီရတ်နိုင်ငံသည် နျူကလီးယား လက်နက်များရရှိရန် ကြိုးပမ်းနေကြောင်း ဘုရှ်အစိုးရက အခိုင်အမာပြောဆိုခဲ့ခြင်းသည် အမှတ်တမဲ့မှားသော အမှားမဟုတ်ကြောင်း ကာကွယ်ရေးနှင့် ထောက်လှမ်းရေးကော်မတီဆိုင်ရာ ဒီမိုကရက်တစ် အထက်လွှတ်တော် အမတ်တစ်ဦးက စနေနေ့တွင် ပြောကြားလိုက်သည်။

အီရတ်သည် အာဖရိကမှ ယူရေနီယံ ရရန်ကြိုးပမ်းနေသည်ဟု အခိုင်အမာပြောဆိုခြင်းကြောင့် အီရတ်၏ ခြိမ်းခြောက်မှု အနေအထားအပေါ် မှားယွင်းသော ထင်မြင်ယူဆချက် ဖြစ်စေရန် အရာရှိများသည် အလွန်တရာစိတ်အနှောင့်အယှက် ဒုက္ခဖြစ် စေသော ဆုံးဖြတ်ချက်ကို ချခဲ့ခြင်း ရှိမရှိဆိုသည့် မေးခွန်းများ ပေါ်ထွက်လာသည်ဟု ရေဒီယို၌ အပတ်စဉ် ပြောကြားသည့် ဒီမိုကရက်တစ်မိန့်ခွန်းတွင် အထက်လွှတ်တော်အမတ် ကားလ်လီဗင်က ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်သည် ဗြိတိသျှထောက်လှမ်းရေးသတင်းကို ရည်ညွှန်းကာ ဇန်နဝါရီလထဲ၌ ပြည်ထောင်စုအခြေပြ မိန့်ခွန်းတွင် ထည့်သွင်းပြောကြားရာ ထိုသို့မိန့်ခွန်း၌ ထည့်သွင်းဖော်ပြခဲ့သည့်အချိန်မှစပြီး အီရတ်၏ နျူကလီးယားဆိုင်ရာ ထောက်လှမ်းရေး သတင်းများသည် အထောက်အထား စာရွက်စာတမ်း အတုများအပေါ် တစ်စိတ်တစ်ပိုင်း အခြေခံသည်ဆိုသော သတင်းများ ထွက်ပေါ်လာခဲ့သည်။

အထက်လွှတ်တော် လက်နက်ကိုင်တပ်များနှင့် ထောက်လှမ်းရေး ကော်မတီတွင် အမှုထမ်းနေသော လီဗင်က အမေရိကန်အစိုးရယုံကြည်ထားသည်ကို အမေရိကန်ပြည်သူများ ယုံကြည်စေရန် သမ္မတဘုရှ်၏ ဇန်နဝါရီ မိန့်ခွန်းတွင် ကြေညာချက်ကို ထည့်သွင်းဖော်ပြခဲ့ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ထို့အပြင် လီဗင်က ဘုရှ်၏ အဓိကမိန့်ခွန်း၌ပါသော အခိုင်အမာကြေညာ ပြောဆိုချက်သည် အမှတ်တမဲ့မှားသော အမှားမဟုတ်ကြောင်း၊ စီအိုင်အေနှင့် အမျိုးသားလုံခြုံရေးအရာရှိများ စေ့စပ်ညှိနှိုင်းထားခဲ့ပြီး လွဲမှားစွာ ဦးဆောင် ခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ပြောဆိုသည်။ **အမ်အင်အေ၊ရိုက်တာ**

## အမေရိကန် မေတ္တာရပ်ခံချက် ဆော်ဒီအာရေဗျ လက်မခံ

**ကူဝိတ်စီးတီး ဇူလိုင် ၂၀**

အီရတ်နိုင်ငံတွင် ဆော်ဒီတပ်များ ချထားပေးရန် တရားဝင်အီရတ်အစိုးရက မေတ္တာမရပ်ခံမချင်း ဆော်ဒီတပ်များကို အီရတ်သို့စေလွှတ်မည်မဟုတ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံက စနေနေ့တွင် ကြေညာသည်ဟု တရားဝင် ကူးနားသတင်းဌာနက ဖော်ပြသည်။

လောလောဆယ်ဆယ်အချိန်တွင် အီရတ်နိုင်ငံသို့ ဆော်ဒီတပ်လွှတ်ပေးရန် အမေရိကန်ပြည်ထောင်စုက ဆော်ဒီအာရေဗျနိုင်ငံသို့ မေတ္တာရပ်ခံခဲ့သည်ကို လက်မခံကြောင်း၊ ဆော်ဒီအာရေဗျ နိုင်ငံခြားရေးဝန်ကြီး ဆော့အယ်ဖိုင်ဇယ်က ဆော်ဒီမြို့တော်ရီယတ်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဇူလိုင် ၁၈ရက်က ပြင်သစ်နိုင်ငံ ပဲရစ်မြို့ အယ်လီဆီးနန်းတော်၌ ပြင်သစ်သမ္မတ ဂျက်ရှီရက်နှင့် လက်ဘနွန်ဝန်ကြီးချုပ် ရာဖစ်ဟာရီရီတို့ လက်ဆွဲနှုတ်ဆက်နေကြစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# ဒေါ်စုကြည်၊ အင်န်အယ်လ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ(၁၁)

မောင်ရင်မှိုင်း

**အချိန်တန် အိမ်ပြန်ရမှာမို့**

'အန်တီစု'ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မတ္တရာကနေ မန္တလေးကို အထွက် လက်သွက်ခြေသွက် ရိုက်နှက်ကန်ကျောက် ပစ်ပေါက်မှုတွေအပေါ် ခရီးစဉ်မှာပါတဲ့ လူကြီးတွေအပိုင်းက တစ်စုံတစ်ရာ ပိတ်ပင်ဟန့်တားမှုတွေ မရှိခဲ့မှုဟာ ယာဉ်တန်းမှာပါလာတဲ့ လူငယ်အဖွဲ့တွေကိုရော နယ်မြေခံ ပါတီဝင်တွေကိုပါ "ဒီလိုနည်းနဲ့ရှင်းတာ အကောင်းဆုံးပဲ၊ ဆက်လုပ်"လို့ လုပ်ငန်းလမ်းညွှန်မှုပေးလိုက်သလို ဖြစ်ခဲ့ရတယ်။

ကျွန်တော်တို့အဖွဲ့ မန္တလေးကို စဝင်တော့ ညနေ ငါးနာရီခွဲလုနေပြီ။ မန္တလေးမြို့ထဲကို ကျွန်တော်တို့အဖွဲ့တွေ ဝင်ပြီဟေ့ဆိုတာနဲ့ ရုတ်ရုတ်သဲသဲဖြစ်အောင် မလိုလားအပ်တဲ့ အော်ဟစ်ဆူပူမှုတွေ လုပ်ခဲ့ကြတယ်။ ၁၉၈၈ ခုနှစ် ဆူပူဆန္ဒပြမှုကာလက ပုံစံမျိုး လက်သီးလက်မောင်းတန်းပြီး အော်ချင်ရာ အော်ကြပါတယ်။ ညနေခြောက်နာရီကျော်လောက်မှာ မဟာအောင်မြေမြို့နယ် ၃၈ လမ်း (၇၉ x ၈၀) လမ်းကြား၊ အကွက် (၆၅၄)မှာရှိတဲ့ မန္တလေးတိုင်း 'အင်န်အယ်လ်ဒီ'ရုံးရှေ့ကိုရောက်တယ်။ 'အန်တီစု'တို့ ဆင်းကြပြီ။

မန္တလေးဆိုတာက သိတဲ့အတိုင်းပဲ။ မိုးလင်း၊ မိုးချုပ်၊ သန်းခေါင်ယံအချိန်တွေအထိ လမ်းကြီးလမ်းငယ်အသွယ်သွယ်မှာ လူအသွားအလာ ပြတ်တာမဟုတ်ဘူး။ သူ့ဟာနဲ့သူ ပျားပန်းခတ်ရှုပ်နေကြ။ ဟော-အခုကျွန်တော်တို့




၂၆-၅-၂၀၀၃ ရက်နေ့ မန္တလေး 'အင်န်အယ်လ်ဒီ'တိုင်းရုံးရှေ့ ဒေါ်စုကြည် ဟောပြောပွဲကြောင့် လမ်းများ ပိတ်ဆို့မှုဖြစ်နေသည်ကို ကူညီဆောင်ရွက်ပေးခဲ့သော ယာဉ်ထိန်းရဲအဖွဲ့သုံး လမ်းရှင်းမော်တော်ယာဉ် အကြမ်းဖက်တိုက်ခိုက်ခံရမှုကြောင့် လေကာမှန် ကွဲနေပုံ။

လိုက်ရော ကျွန်တော်တို့အဖွဲ့က လူငယ်အချို့နဲ့ မြို့ခံအချို့ပေါင်းပြီး လက်စွမ်းပြလိုက်တာ လမ်းရှင်းပေးနေတဲ့ ဒိုင်နာကား လေကာမှန်ကြီး စိစိညက်ညက်ကြေပါလေရောပဲ။ 'အန်တီစု'ကတော့ တိုင်းရုံး ဒုတိယထပ်ကနေ ဟောလို့ပြောလို့ကောင်းတုန်း။ ညဆယ်နာရီကျော်တော့ လမ်းပေါ်က အခြေအနေတွေ အားလုံး ပုံမှန်ပြန်ဖြစ်သွားပြီ။ ကျွန်တော်တို့အဖွဲ့တွေလဲ အိပ်ရာဝင်မယ်လို့ ဟန်ပြင်နေတုန်း တင်ထွဋ်ဦးရဲ့ တယ်လီဖုန်းနဲ့သတင်းပို့သံကြားလိုက်ရတယ်။ ယာဉ်ထိန်းရဲတွေ စီးနင်းလိုက်ပါလာတဲ့ ကားတစ်စီးဟာ 'အန်တီစု'တရားဟောတာကို နားထောင်နေတဲ့ လူအုပ်ကြားထဲကို အရှိန်ပြင်းပြင်း ဖြတ်သန်းမောင်းနှင်လာတဲ့အတွက် လူအချို့က တုတ်နဲ့ဝိုင်းရိုက်လို့ မှန်ကွဲသွားတာကို သတင်းထုတ်ပြန်ပါဆိုတဲ့အကြောင်း---။

မေလ ၂၇ ရက်။

မန္တလေးမြို့ပေါ်က မြို့နယ်ပါတီရုံးတွေနဲ့ တံတားဦးမြို့နယ် ပါတီရုံးကို ခြေဆန့်ခရီးထွက် ဟောတာပြောတာတွေ လုပ်ကြရင်းနဲ့ပဲ တစ်နေကုန်သွားတယ်။ သွားလေရာခရီးမှာ ဆိုင်ကယ်တွေ တစ်သီတစ်တန်းကြီးနဲ့မို့ မြို့ခံလူတွေကတော့ ကျွန်တော်တို့ကို ကောင်းကောင်းမေတ္တာပို့ကြမှာ သေချာတယ်။ တာဝန်ရှိသူတွေအပိုင်းကလဲ လမ်းရှင်းပေးရတဲ့အလုပ်က ဝန်ထုပ်ဝန်ပိုးတစ်ခုလိုဖြစ်နေမှာ မလွဲဘူး။



၂၉-၅-၂၀၀၃ ရက်နေ့ စစ်ကိုင်းမြို့သို့ အဝင်လမ်းတစ်လျှောက် လမ်းလုံးပြည့်မျှ နေရာယူကာ ဗရုတ်ကျ ဝင်ရောက်လာသော ဒေါ်စုကြည် ယာဉ်တန်းပါ စည်းမဲ့ကမ်းမဲ့ ဆိုင်ကယ်စီးများ။



၂၉-၅-၂၀၀၃ ရက်နေ့ လိုင်းကားတွယ်စီးသည်နှင့် မခြား ဒေါ်စုကြည်ကားကို အတွယ်အတာများဖြင့် လိုက်ပါစီးနင်းလာကြသော ဗရုတ်သုတ်ခ ပါတီဝင်များ စစ်ကိုင်းမြို့သို့အဝင်။

အဖွဲ့လဲရောက်ရော ပိုဆိုးပါလေရော။ ပါတီဝင်အင်အား နှစ်ရာကျော်လောက်က လမ်းသလားပြပြီး ရုတ်ရုတ်ရုတ်ရုတ် လုပ်လိုက်မှုကြောင့် ဘာများလဲဟ၊ ညာများလဲဟဲ့နဲ့ လူတွေဝိုင်းအုံလာပြီ။ မန္တလေးလမ်းတွေက သူ့ဟာနဲ့၊သူ့အရှိန်နဲ့ သွားနေကြရင် ရှုပ်ရုံပဲရှုပ်တာ။ နည်းနည်းတန့်လိုက်တာနဲ့ ရေမြောင်းတွေလို ပိတ်ပြီး လူလုံးပြီ။

လမ်းပေါ်မှာ ဟုတ်သော်ရှိ မဟုတ်သော်ရှိ လူစုလူဝေးဖြစ်လာပြီဆိုရင် လမ်းဘေး ဘယ်/ညာမှာရှိတဲ့ အိမ်တွေ၊ တိုက်ခန်းတွေအနေနဲ့ စိုးရိမ်မကင်းဖြစ်ကြတာချည်းပါပဲ။ တံခါးတွေပိတ်တဲ့သူပိတ်၊ သံပန်းတံခါးတွေ ဆွဲတဲ့သူကဆွဲ၊ ဆိုင်သိမ်းတဲ့သူကသိမ်းနဲ့ ထိတ်ထိတ်ပျာပျာတွေ ဖြစ်ကုန်ရော။ အဲဒီအတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေအပိုင်းက လူစုလူဝေးတွေနဲ့ ရုတ်ရုတ်သဲသဲမဖြစ်အောင်၊ မလိုလားအပ်တဲ့ လမ်းပိတ်ဆို့မှုတွေ မဖြစ်ရလေအောင် ရှင်းလင်းဆောင်ရွက်ရတာဟာ သဘာဝကျပါတယ်။

'အန်တီစု' ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မန္တလေးတိုင်း'အင်န်အယ်လ်ဒီ' ပါတီရုံးကိုရောက်ပြီး မကြာခင်မှာပဲ ၃၈ လမ်း ပိတ်ဆို့မှုဖြစ်နေပြီ။ လူစုလူဝေးမဖြစ်ဖြစ်အောင် 'အန်တီစု'ကိုဗန်းပြပြီး မြှူဆွယ်လှုံ့ဆော်မှုတွေကလဲ အမျိုးမျိုးလုပ်နေကြတာကိုး။ တာဝန်ရှိသူတွေအပိုင်းကလဲ ကားပေါ်အသံချဲ့စက်တင်ပြီး-

> "...လုပ်သားပြည်သူများခင်ဗျာ၊ လမ်းပိတ်ဆို့မှုဖြစ်နေတဲ့အတွက် အများပြည်သူ အနှောင့်အယှက်မဖြစ်စေရန်နှင့် ယာဉ်ကြောမပိတ်ဆို့စေရန် လမ်းဘေး ဝဲ/ယာသို့ ဖယ်ရှားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား..."

လို့ပြောကြားလာတာကို ကြားနေရပါတယ်။ အဲဒီဒိုင်နာကား ၇၈ လမ်းအနောက်ကို ချိုးကွေ့ပြီး လမ်းဘေးတစ်နေရာမှာ နေရာယူပြီး ရပ်လဲရပ်



**၂၉-၅-၂၀၀၃ ရက်နေ့ ဒေါ်စုကြည် ယာဉ်တန်း စစ်ကိုင်းတိုင်းရုံးရှေ့တွင် အုပ်စုဖွဲ့ ပရမ်းပတာမောင်းနှင်မှုကြောင့် ခရီးသွား ဆလွန်းကား တစ်စီး လမ်းဘေးချ ရှောင်ရှားပေးခဲ့ရပုံ။**

မေလ ၂၈ ရက်။

ကျွန်တော်တို့အဖွဲ့ စတည်းချနေတဲ့ 'အင်န်အယ်လ်ဒီ' တိုင်းရုံးရှေ့က ကြော်ငြာဆိုင်းဘုတ်မှာ ဘယ်လိုကြေညာထားတယ်မှတ်လဲ။ မေလ ၂၇ ရက်နေ့ လှုပ်ရှားမှုတွေကို အကျဉ်းချုံးဖော်ပြထားပြီး "၂၈-၅-၂၀၀၃ ရက်နေ့ ဒီနေ့ တစ်နေကုန် နားမည်"တဲ့။ ကြေညာထားတဲ့အတိုင်း ကျွန်တော်တို့အဖွဲ့တွေ လမ်းမထွက်ခဲ့ကြဘူး။ တိုင်းရုံးထဲကိုတော့ အလျှိုအလျှို လာလိုက်ကြတာ၊ ရှေ့ပေါက်ကဝင်လိုက်၊ နောက်ပေါက်ကဝင်လိုက်နဲ့။ မျက်စိကိုနောက်နေတာပဲ။ ညဆယ်နာရီလောက်အထိ အဝင်အထွက်တွေနဲ့ ရှုပ်ကောင်းတုန်း။ ကျွန်တော် ညအိပ်ရာထဲဝင်တော့ နောက်တစ်နေ့ ခရီးစဉ်တွေအတွက် ချောချောမောမောမှ ဖြစ်ပါ့မလားဆိုတဲ့အတွေးနဲ့ အိပ်မပျော်ခဲ့ဘူး။

ဒီလို စိတ်ပူဖြစ်ခဲ့ရတာကလဲ တခြားအကြောင်းကြောင့် မဟုတ်ဘူး။ 'အန်တီစု'အနေနဲ့ မုံရွာတစ်လျှောက် ခရီးစဉ်တွေအတွက် အင်အားအခိုင်အမာ စုဖွဲ့ပြီး သွားလာလှုပ်ရှားနိုင်ဖို့အတွက် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေလို့ပါ။ 'အန်တီစု'ရဲ့ ညွှန်ကြားချက်အရ တိုင်းဥက္ကဋ္ဌ ဦးဘိုဇံက မန္တလေးတိုင်း လေးမြို့နယ်က ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌနဲ့ အတွင်းရေးမှူးတွေကိုခေါ်ပြီး စစ်ကိုင်းတိုင်းအတွင်းက မုံရွာတစ်လျှောက် ခရီးတွေမှာ မန္တလေးတိုင်း လေးမြို့နယ်က တစ်မြို့နယ်ကို အနည်းဆုံး ကားတစ်စီးနှုန်းနဲ့ တိုင်း/စည်းအဖွဲ့တွေကို အမာခံထားပြီး ကျန်တဲ့လူတွေထဲက လိုက်ချင်တဲ့လူမှန်သမျှ အကုန်ခေါ်လာဖို့ ညှိနှိုင်းနေတာကို ကျွန်တော်သိနေတာကိုး။

ဒါ့အပြင်

'အန်တီစု'အပိုင်းကလဲ မန္တလေးမြို့ပေါ်က ဟောပြောမှုတွေမှာ လှုံ့ဆော်သွေးထိုးစကားတွေ အမျိုးမျိုးလှည့်ပတ်ပြီး ပါတီဝင်တွေရဲ့ စိတ်ထဲခံပြင်းစိတ်တွေ၊ မုန်းတီးမှုတွေ ပေါ်ပေါ်လာအောင် ရိုက်သွင်းပေးခဲ့သလို အနောက်မြောက်မြို့နယ် 'အင်န်အယ်လ်ဒီ' ရုံးရှေ့ ဟောပြောပွဲမှာ-

"...နိုင်ငံရေးလုပ်တဲ့နေရာမှာ အချိန်အခါပေါ်မူတည်ပြီး ရှေ့ကိုတိုးသင့်တဲ့အချိန်မှာ ရှေ့ကိုတိုးရမယ်၊ နောက်ကိုဆုတ်သင့်တဲ့အချိန်မှာ နောက်ကို ဆုတ်ရမယ်၊ စွန့်လွှတ်သင့်ရင်လဲ စွန့်လွှတ်ရမှာပဲ ..."

ဆိုတဲ့ စကားနဲ့ ပါတီဝင်တွေ မိုက်ရူးရဲဆန်ဆန် လုပ်ချင်လာအောင် ရဲဆေးတင်ပေးတာတွေလဲ ရှိနေတယ်လေ။ အဲဒီတော့ ရှေ့ဆက်ရမယ့်ခရီးမှာ ထိပ်တိုက်တွေ့မှုတွေ မလွဲမသွေဖြစ်တော့မယ်ဆိုတာကို ကျွန်တော် တွက်မိနေတယ်။

မေလ ၂၉ ရက်။

မန္တလေးကနေ ထွက်ပြီ။ မန္တလေး-မုံရွာလမ်းတစ်လျှောက် တစ်မြို့ဝင်တစ်မြို့ထွက်၊တစ်ရွာဝင် တစ်ရွာထွက်နဲ့ လာလိုက်ကြတာ လမ်းမှာ ကြိုတဲ့သူတွေရှိသလို ကန့်ကွက်ရှုတ်ချ ဆန္ဒပြသူတွေနဲ့လဲ ကြုံခဲ့ကြရတယ်။ ထူးထူးခြားခြားဖြစ်ရပ်ဆိုလို့ ပဲကတိုးဂိတ်အကျော် ကျောက်ဆည်နဲ့ ကန်ရွာအကြား လမ်းဘေးကို ကျွန်တော်တို့ ယာဉ်တန်းနဲ့ပါလာတဲ့ ဆိုင်ကယ်တစ်စီး သူ့ဘာသာ လမ်းချော်ပြီး ထိုးကျတိမ်းမှောက်သွားခဲ့တယ်။

ညနေ ခြောက်နာရီထိုးပြီးစာမှ 'အန်တီစု'ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ မုံရွာကို ရောက်ကြတယ်။ မုံရွာမြို့နယ် 'အင်န်အယ်လ်ဒီ'ဆိုင်းဘုတ်တင်ရုံးခန်းဖွင့်မှာက ချမ်းမြသာစည်ရပ်ကွက်၊ သာစည်လမ်း၊ အကွက်(၁၁၇/ခ)မှာရှိတဲ့ ဦးတင့်လွင်ရဲ့နေအိမ်။ မုံရွာမြို့ဝင်ဂိတ်နဲ့ဆိုရင် အလွန်ဆုံးရှိလှမှ သုံးမိုင်ပေါ့။ ပုံမှန်အတိုင်းသာ ယာဉ်တန်းကိုမောင်းကြည့်၊ မိနစ် ၂၀ ထက်မပိုဘူး။ ဒါပေမယ့် ကျွန်တော်တို့အဖွဲ့ ယာဉ်တန်းကို ခြေတစ်ဖက်ကျိုးနေတဲ့လိပ်သွားသလို သွားနေတဲ့အတွက် ညကိုးနာရီထိုးမှပဲ ဆိုင်းဘုတ်တင်မယ့်နေရာကို ရောက်တော့တယ်။

သွားတဲ့ယာဉ်တန်းကိုလဲ ကြည့်ဦး၊ မန္တလေးနဲ့ မုံရွာအကြားမှာရှိတဲ့မြို့တွေက ထပ်ပြီးလိုက်လာကြတဲ့ ကားတွေနဲ့ဆိုရင် အစီး ၃၀ ကျော်တယ်။ မော်တော်ဆိုင်ကယ်ကတော့ အစီး ၂၀၀လောက် ရှိမယ်ထင်တယ်။ အချိန်ကလဲ ညနေစောင်းဆိုတော့ အလုပ်သိမ်း၊ ဈေးသိမ်းတို့အပြန်။ အချို့ကလဲ ကိုယ်လက်လှုပ်ရှား အညောင်းပြေ လမ်းလျှောက်ကြတဲ့အချိန်မှာ ကျွန်တော်တို့ ပါတီရဲ့ ပွဲဆူအောင်လုပ်တဲ့ နည်းဗျူဟာနဲ့ကတော့ အချိန်ကိုက်ပါပဲ။

ယာဉ်တန်းမှာပါတဲ့ ပါတီဝင်တွေရဲ့ အော်ဟစ်လှုံ့ဆော်ကြွေးကြော်မှုတွေကြောင့် မုံရွာမြို့ပေါ်မှာ အေးချမ်းတည်ငြိမ်မှု ပျက်ပြားပြီး ဆူပူဆန္ဒပြအော်ဟစ်တဲ့ အသံများကြောင့် မြို့လူထုမှာ အထိတ်တလန့် ဖြစ်ခဲ့ရတယ်။ ဒါဟာ...ဒီမိုကရေစီလား ...။ စည်းကမ်းမရှိတဲ့ ဒီမိုကရေစီလို ဖြစ်နေတာတော့ အမှန်ပဲ။

ညတွင်းချင်း ရောက်ရောက်ချင်းမှာပဲ မုံရွာမြို့နယ် 'အင်န်အယ်လ်ဒီ'ရုံးဆိုင်းဘုတ်ကို ကောက်တင်လိုက်တယ်။ ဘာအနှောင့်အယှက်မှ မရှိခဲ့ဘူး။ 'အန်တီစု' မသိလိုက်တာလား၊ မသိချင်ယောင် ဆောင်နေတာလားတော့ ကျွန်တော် မသိလိုက်ဘူး။ ညဆယ့်တစ်နာရီမှ တည်းခိုမယ့် ဦးကြည်စိုးနေအိမ်ကို ရောက်တော့ ကျွန်တော်သတင်းတစ်ခု ကြားခဲ့ရတယ်။ မုံရွာမြို့နယ် 'အင်န်အယ်လ်ဒီ'တာဝန်ရှိသူတွေက သက်ဆိုင်ရာ မြို့နယ်တာဝန်ရှိသူများကို ခွင့်ပြုမိန့်သဘောတူညီချက်တောင်းခံရယူထားတာ မရှိသေးဘူးဆိုတဲ့ သတင်းပါပဲ။

မုံရွာရောက်ခိုက် မြို့ခံပါတီဝင်အချို့ကို မေးမြန်းစူးစမ်းဖြစ်ခဲ့တဲ့ ကိစ္စတစ်ခုက မုံရွာမြို့နယ် 'အင်န်အယ်လ်ဒီ'ပါတီ ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သန်း

**၂၉-၅-၂၀၀၃ ရက်နေ့ ဒေါ်စုကြည်နှင့် နောက်လိုက် ပါတီဝင်တစ်စု မုံရွာမြို့သို့အသွား ချောင်းဦးမြို့နယ် ရေပိုးစားကန် ရွာအနီးအရောက် ၎င်းတို့ကို ကန့်ကွက်ရှုတ်ချ ဆန္ဒပြနေကြသော ဒေသခံပြည်သူများ။**



ဆိုင်ကယ် အတိုက်ခံရတဲ့ကိစ္စဟာ ကျွန်တော်တို့ကြားခဲ့သလို တမင်တကာ လုပ်ကြံအတိုက်ခံရမှုလား၊ အမှန်တကယ် မတော်တဆဖြစ်မှုလား ဆိုတဲ့ကိစ္စပါ။ ကျွန်တော်တို့ ပါတီရဲ့ ပြောရေးဆိုခွင့်ရှိသူ ဘဘဦးလွင်ရဲ့ ပြောကြားမှုကို အခြေခံပြီး ပြည်ပက အသံလွှင့်ဌာနရဲ့ ထုတ်လွှင့်ချက်ကတော့ ကြံခိုင်ရေးကပဲ ဆိုင်ကယ်နဲ့ တမင်လိုက်တိုက်သလိုလို ဘာလိုလိုနဲ့။

မြို့ခံပါတီဝင်တစ်ဦးရဲ့ ပြောပြချက်ကတော့ ရှင်းပါတယ်။ မေလ ၂၇ ရက်နေ့တုန်းက ဒုဥက္ကဋ္ဌ ဒေါ်ခင်သန်းဟာ စစ်ကိုင်းတိုင်း 'အင်န်အယ်လ်ဒီ' ဥက္ကဋ္ဌ ဦးဘာဘာနဲ့အတူ ဒီပဲယင်းမြို့ကို သွားဖို့အတွက် ဆူးလေကုန်းရပ်ကွက် ကျောက်ကာလမ်းမှာရှိတဲ့ သူ့ရဲ့နေအိမ်ရှေ့ကနေ ထွက်စောင့်နေသတဲ့။ အချိန်က မနက်ငါးနာရီ၊ ဝေလီဝေလင်းအချိန်။ စောင့်နေတုန်းမှာပဲ ဦးဘာဘာကား ရောက်လာတယ်တဲ့။ လမ်းရဲ့ တစ်ဖက်ခြမ်းမှာပေါ့။ ဦးဘာဘာက ဟွန်းတီးအချက်ပေးလိုက်တယ်ဆိုရင်ပဲ လာပြီဦးဘာဘာရေ-လာပါပြီတော့ဆိုပြီး လမ်းဘေး ဘယ်ညာမကြည့်ဘဲ လမ်းဖြတ်ကူး လိုက်ချိန်မှာ ဘယ်သူဘယ်ဝါ မောင်းနှင်လာမှန်းမသိတဲ့ ဆိုင်ကယ်တစ်စီးနဲ့ လမ်းပေါ်မှာ တိုက်မိတော့တာပဲတဲ့။

ဒေါ်ခင်သန်းဟာ အဲသလို အတိုက်ခံရပြီးတဲ့နောက် ပြင်ပဆေးခန်း တစ်ခုကနေတစ်ဆင့် မုံရွာပြည်သူ့ဆေးရုံကြီးကို ပြောင်းရွှေ့ကုသခဲ့ရာမှာ ရေချိုးခန်းထဲမှာ ချော်လဲပြီးရတဲ့ဒဏ်ရာပါလို့ လိမ်ညာပြောဆိုပြီး တက်ရောက် ကုသခဲ့တာတဲ့။ သတင်းအစရတဲ့ ယာဉ်ထိန်းရဲအဖွဲ့ကလဲ ဆေးရုံပေါ်ရောက်နေတဲ့ ဒေါ်ခင်သန်းကို သွားရောက်တွေ့ဆုံပြီး အဖြစ်မှန်ကို မေးမြန်းခဲ့တယ်တဲ့။ ဒါပေမယ့် ကာယကံရှင် ဒေါ်ခင်သန်းကိုယ်တိုင်က အမှုမဖွင့်ချင်တဲ့အကြောင်း ပြောဆိုလက်မှတ်ထိုးပေးထားတဲ့ ကိစ္စတဲ့။ အဲဒီသတင်းကအမှန်ပါပဲ။

မေလ ၃၀ ရက်။

မနက်ဆယ်နာရီဝန်းကျင်မှာ 'အန်တီစု'ဦးဆောင်တဲ့ ကျွန်တော်တို့ အဖွဲ့ မုံရွာကနေထွက်ကြပြီ။ ခါတိုင်းမြို့နယ်တွေဆို တစ်မြို့နယ်နဲ့တစ်မြို့နယ် အကူးမှာ ကျွန်တော်တို့ယာဉ်တန်းနဲ့အတူ လိုက်ပါတဲ့ ပါတီဝင်တွေ ရှိတတ်ကြတယ်။ မုံရွာက ပါတီဝင်တွေကတော့ အဲသလို နောက်မြီးဆွဲမလိုက်လာကြဘူး။ လမ်းမှာ သည်းထိတ်ရင်ဖို စိတ်နှလုံးချောက်ချားစရာ ဘာမှမကြုံရတာမို့ စိတ်ထဲလေးနေတာတွေ ပေါ့ပေါ့ပါးပါးတော့ ဖြစ်သွားတာပေါ့။

မွန်းလွဲ နှစ်နာရီလောက်မှာ ဘုတလင်မြို့ကို ဝင်ပါတယ်။ ခရီးရောက်မဆိုက်ဆိုသလိုပဲ ဘုတလင်မြို့နယ်ပါတီရုံးဆိုင်းဘုတ်တင်ပွဲကို ခပ်သွက်သွက် ကျင်းပလိုက်ကြပြီး ဟောစရာရှိတာဟော၊ ပြောစရာရှိတာပြော၊ လုပ်စရာရှိတာလုပ်နဲ့ ညနေ လေးနာရီကျော်မှ ဘုတလင်ကနေ ထွက်ဖြစ်ကြတယ်။

စိုင်ပြင်ကြီးကိုရောက်တော့ နေဝင်ရီတရောအချိန်။ အမှောင်ထုက ပြိုဆင်းလာနေပြီ။ အဲဒီကနေ ကျီရွာနားကိုရောက်တော့ လုံးဝအမှောင်ဘက်ကို ကူးသွားပြီ။ ကျွန်တော်တို့ယာဉ်တန်းနဲ့ မျက်နှာချင်းဆိုင်မှာ ကားမီးတန်း တစ်ခုတွေ့လိုက်ရတယ်။ ကျွန်တော်တို့ယာဉ်တန်း ရပ်ပြီ။ ဘာဖြစ်တာလဲ၊ ဘာလဲ၊ ညာလဲနဲ့ အော်ကျယ်အော်ကျယ်တွေ မေးကြမြန်းကြ လုပ်နေတုန်းမှာပဲ ကျွန်တော်တို့အဖွဲ့ကို ကန့်ကွက်ရှုတ်ချဆန္ဒပြတဲ့ ကြွေးကြော်သံတွေ ကြားလာရတယ်။

ကျွန်တော်တို့နဲ့ပါလာတဲ့ ကောင်တွေကလဲ သိတဲ့အတိုင်းပဲ။ လမ်းမှာလက်စွမ်းပြလာတာတွေရှိခဲ့တော့ ဒီတစ်ချီလဲ အမှောင်ထုကို အကာအကွယ်ယူပြီး လက်ဦးမှုယူတဲ့အနေနဲ့ လေးခွအစွမ်းတွေ လှမ်းပြလိုက်ကြလေရဲ့။ ကြွေးကြော်သံတွေကြားကနေ ပစ်တယ်ဟ ...ပစ်တယ်ဟ ...ဆိုတဲ့ အသံတွေ၊ တအားအားနဲ့ အော်တဲ့အသံတွေ ကြားလိုက်ရတယ်။

ကျွန်တော်တို့အဖွဲ့ရဲ့ လက်စွမ်းကြောင့် ကန့်ကွက်ရှုတ်ချဆန္ဒပြသူတွေရော ဝိုင်းအုံကြည့်နေကြတဲ့ ဒေသခံတွေပါ အလစ်အငိုက်မိပြီး အထိနာသွားကြ ပါတယ်။ အဲ- သိပ်မကြာလိုက်ဘူး၊ ကျွန်တော်တို့ဘက်ကို တန်ပြန်ပစ်ပေါက်မှုတွေလုပ်လာပြီ။ လောက်စာလုံးတွေ၊ ခဲလုံးတွေ တစ်လုံးပြီးတစ်လုံး တရစပ် ကျလာတယ်။ အပြန်အလှန်ပစ်ပေါက်မှုတွေ၊ ထိမှန်မှုတွေနဲ့ ဆူညံနေတာပဲ။

တစ်ဆက်တည်းဆိုသလို မှောင်မှောင်မည်းမည်းထဲမှာ သူ့လူ ငါ့လူမခွဲနိုင်ဘဲ အပြန်အလှန် ရိုက်ကြနှက်ကြ၊ ဆဲကြဆိုကြတဲ့ အသံတွေ ထွက်လာတယ်။ ပွဲကြမ်းပြီဆိုတာ သိလိုက်ရလို့ ပြေးနိုင်မှလွတ်မယ်ဆိုပြီး နီးစပ်ရာကားပေါ် ပြေးတက်ရပြီ။ အရေးထဲကားက တော်တော်နဲ့ မထွက်နိုင်ဘူး။ ကျွန်တော်တို့ တက်လိုက်တဲ့ကားက လူငယ်တာဝန်ခံ တင်ထွဋ်ဦးတို့အဖွဲ့ စီးလာတဲ့ကား။ (ဘ/၂၇၆၂)။

'အန်တီစု' ကားကတော့ လူကြားထဲကနေ အတင်းထိုးဖောက် မောင်းထွက်သွားတယ်။ ဒေါက်တာလှစိုးညွှန့်တို့ရဲ့ မန္တလေးအုပ်စုတွေ စီးတဲ့ကားလဲ လမ်းဘေးလှည်းလမ်းအတိုင်း အတင်းရှေ့ကို မောင်းထွက်သွားတယ်။ ဒေါ်ဝင်းမြမြရဲ့ကားလဲ ထိုနည်းအတိုင်း လိုက်မောင်းတယ်။ ဖြစ်ချင်တော့ သူ့ကားရှေ့ကို ဆိုင်ကယ်ပေါ်က လူတစ်ယောက်က ပြုတ်ကျလာတယ်။ ရှောင်ချိန်မရလိုက်ဘူး။ ကားသမားကလဲ ဆွဲမိဆွဲရာ ဆွဲလိုက်တာ ကားက လမ်းဘေးထိုးဆင်းပြီး ကုက္ကိုပင်ကြီးကို ဝင်အောင်းပါလေရော။

သွားပြီးကယ်ဖို့ ဟန်ပြင်ကြပါသေးတယ်။ ဒါပေမယ့် အခြေအနေတွေက သိတဲ့အတိုင်းပဲ၊ ဘယ်လိုမှ အချိန်မပေးနိုင်တော့ဘူး။ ရန်းရင်းဆန်ခတ် ဖြစ်နေကြတဲ့အချိန် ကျွန်တော်တို့ကားလဲ လွတ်ရာလွတ်ကြောင်းဖြစ်ဖို့အတွက် ဦးတည်ရာကို မောင်းရပြီ။ ကားလမ်းညာဘက် လှည်းလမ်းအတိုင်း မောင်းလာလိုက်တာ မကြာပါဘူး၊ သဲနစ်တော့တာပဲ။ သဲနစ်လို့ ရုန်းနေတုန်းမှာပဲ ကားတွန်းပေးမယ့် သူတွေလား၊ ဝိုင်းရိုက်မယ့်သူတွေလား၊ ခြေဦးတည့်ရာ ပြေးတဲ့လူတွေလား၊ ဘာလား၊ ညာလား မသိတဲ့ လူတစ်စု ပြေးလာတာကို မြင်လိုက်ရတဲ့အတွက် ကားပေါ်ပါ ကျွန်တော်တို့အဖွဲ့တွေလဲ ကြံရာမရနဲ့ ဆင်းပြေးခဲ့ကြတယ်။

ကျွန်တော်မှတ်မိသမျှကတော့ ကျွန်တော်ပြေးတက်လိုက်ပါခဲ့တဲ့ ဟိုင်းလတ် ကားပေါ်မှာ 'အန်တီစု'ကားနဲ့ လိုက်လာတဲ့ကောင်တွေလဲ ကြုံသလို တက်လိုက်လာတာကို တွေ့ခဲ့ရတယ်။ ခင်ဦး၊ သိန်းစိုး၊ ကျော်ဇင်ဝင်းနဲ့ တိုးလွင်တို့လေးယောက်။ ကျွန်တော်တို့အဖွဲ့တွေလဲ ပြေးရင်း ပြေးရင်းနဲ့ အခြေအနေကို လာရောက်ထိန်းသိမ်းပေးတဲ့ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့တွေ့ပြီး ဘေးမသီရန်မခ အထိန်းသိမ်းခံခဲ့ရတယ်။ သိန်းစိုးနဲ့ ခင်ဦးတို့ နှစ်ယောက် ကတော့ အဖမ်းခံရမှာကိုကြောက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်တွေကို အဆက်အသွယ်မလုပ်ဘဲ ရှောင်တိမ်းသွားခဲ့ကြတယ်။ အဲဒီနောက် ကျွန်တော်တို့ကို ရေဦးစခန်း ပို့လိုက်ပါလေရော။ ပျော်လိုက်တာ၊ ဘေးကင်းလုံခြုံသွားပြီလေ။

ရေဦးစခန်းထဲမှာလဲ ရှုပ်ယှက်ခတ်နေတာပဲ။ ကျွန်တော်တို့အဖွဲ့က ကောင်တွေ မကြည်မလင် မျက်နှာပေးတွေနဲ့။ ကျွန်တော်တို့နဲ့ မနီးမဝေးက ရဲအရာရှိကို အခြားရဲအရာရှိငယ်တစ်ဦးရဲ့ သတင်းပို့သံအရ 'အန်တီစု' စီးတဲ့ကားပေါ်ကနေ နှစ်တစ်လက်မတုတ်ချောင်း လေးချောင်း၊ လေးခွတစ်လက် တွေ့ရှိတဲ့အကြောင်း သိခဲ့ရတယ်။ ကျွန်တော် ဘေးကင်းလုံခြုံတဲ့နေရာကို ရောက်နေပြီဆိုတဲ့အသိနဲ့ ဘာမှစိုးရိမ်စရာမရှိတော့ဘူး။ အချိန်တန်ရင် အိမ်ပြန်ရမှာပဲလို့ စိတ်ထဲမှာ မှတ်လိုက်မိပါတယ်။

***(ဆက်လက်ဖော်ပြပါမည်)***



ဘိလပ်မြေစက်ရုံ(ကျောက်ဆည်)ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။

# သားငါးပွံ့ဖြိုး ပြည်အကျိုး



ဘိလပ်မြေထုတ်လုပ်မှုအတွက် အဓိက ကုန်ကြမ်းတစ်ခုဖြစ်သည့် ထုံးကျောက် တန်ချိန် သန်း ၇၀ ထွက်ရှိမည်ဟု ပညာရှင်များခန့်မှန်းထားပြီး နောင်နှစ်ပေါင်း ၃၀၀ ခန့်အထိ ထုတ်ယူသုံးစွဲနိုင်မည့် ကျောက်ဆည်ဒေသရှိ သံတောင်မြတ် ထုံးကျောက်တောင်ကြီး။

## ▼ ကျောက်ဆည်မှ

ရှိရာတွင် ဘိလပ်မြေထုတ်လုပ်မှုကိုလည်း အမှတ် (၁) စက်မှုဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် လီမိတက်နှင့် ပုဂ္ဂလိကစက်ရုံများက အချိုးကျ ခွဲဝေ တာဝန်ယူ ထုတ်လုပ်လျက်ရှိသည်။ ၂၀၀၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ဘိလပ်မြေ ထုတ်လုပ်နိုင်မှုမှာ တန်ချိန် ၁၉ ဒသမ ၃၆ သိန်းခန့် ရှိမည်ဟု ခန့်မှန်းခဲ့ရာ အဆိုပါ ထုတ်လုပ်မှုတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန လက်အောက်ရှိ ဘိလပ်မြေ စက်ရုံသုံးရုံမှ ဘိလပ်မြေ ၅ ဒသမ ၈တန်ထုတ်လုပ်နိုင်ခဲ့သည်ဟု ခန့်မှန်းရသည်။

အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ကြွေထည် မြေထည်လုပ်ငန်း ကြီးကြပ်မှုအောက်၌ ဘိလပ်မြေစက်ရုံသုံးရုံရှိရာ ကျောက်ဆည် ဘိလပ်မြေ စက်ရုံသည် နိုင်ငံတော်၏ စီမံကိန်းဝင် စက်ရုံတစ်ရုံဖြစ်သည်။ အဆိုပါ စက်ရုံကြီးသည် မန္တလေးတိုင်း ကျောက်ဆည်မြို့၏ အရှေ့ဘက် ခြောက်မိုင်အကွာ သံတောင်မြတ် ထုံးကျောက်တောင်၏ အနောက်ဘက် တစ်မိုင်အကွာ၌ တည်ရှိသည်။ စက်ရုံမြေနေရာ အကျယ်အဝန်းမှာ ၆၄၃ ဒသမ ၂၅ ဧက ရှိပြီး သင်းတွဲမြောင်းအနီး ဂါလန်နှစ်သိန်းဆံ့ ရေလှောင်ကန် အကျယ်အဝန်းမှာ ၁ ဒသမ ၃၇ ဧက ရှိသည်။

ကျောက်ဆည်နယ်မြေ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက် ဘိလပ်မြေ လိုအပ်ချက်ပြည့်မီစေရန်နှင့် သွင်းကုန်အစားထိုး ဘိလပ်မြေများလုံလောက်စွာထုတ်လုပ်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျောက်ဆည် ဘိလပ်မြေစက်ရုံကို ၂၀၀၀ပြည့်နှစ်တွင် တည်ဆောက်ခဲ့ရာ ၂၀၀၂ခုနှစ် ဒီဇင်ဘာလတွင် စက်များ စမ်းသပ်လည်ပတ်နိုင်ခဲ့ပြီး ၂၀၀၃ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် စက်ရုံဖွင့်လှစ်နိုင်ခဲ့သည်။ စက်ပစ္စည်းများမှာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖြစ်ပြီး စာချုပ်တန်ဖိုးအရ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၅ သန်းနှင့် ညီမျှသည့် မြန်မာကျပ်ငွေ ၁၀၆ သန်းဖြစ်သည်။

စက်ရုံအရွယ်အစားမှာ တစ်ရက်လျှင် ဘိလပ်မြေကလင်ကာ တန် ၅၀၀ ထွက်ရှိသည့် ထုံးမှုန့်နည်းစဉ်သုံး၊ ငါးဆင့် ကြိုတင်အပူပေးစနစ် ပါဝင်သည့် လည်ပတ်မီးသင်းဖိုသုံးဘိလပ်မြေစက်ရုံဖြစ်ပြီး ဘိလပ်မြေကိုအခြောက်နည်းစဉ် (Dry Process) အသုံးပြုပြီး ထုတ်လုပ်သည့် စက်ရုံဖြစ်သည်။ အဆိုပါစက်ရုံက ထုတ်လုပ်သည့် ဘိလပ်မြေ၏ အရည်အသွေးမှာ အင်္ဂလိပ်စံညွှန်း BS 12/1989 အဆင့်မီ ဘိလပ်မြေဖြစ်ပြီး တစ်နှစ်လျှင် ဘိလပ်မြေတန် ၁ ဒသမ ၂ သိန်း ထုတ်လုပ်နိုင်မည်ဖြစ်သည်။

အဆိုပါ စက်ရုံအတွက် အဓိကလိုအပ်သည့် ကုန်ကြမ်းများမှာ ထုံးကျောက်၊ မြေကြီး၊ သံကျောက်နှင့် ဂေါ်ဒန်ကျောက်များဖြစ်ရာ ထုံးကျောက်ကို စက်ရုံ အနီးတွင်ရှိသည့် သံတောင်မြတ် ထုံးကျောက်တောင်မှ ထုတ်ယူရရှိသည်။ သံတောင်မြတ် ထုံးကျောက်တောင်တွင် ထုံးကျောက်တန်သန်း၇၀ခန့်ရှိသည်ဟု ပညာရှင်များ ခန့်မှန်းထားရာ ဘိလပ်မြေစက်ရုံ၏ လိုအပ်ချက် တစ်နေ့လျှင် တန် ၆၅၀ ဖြင့်တွက်ကြည့်မည်ဆိုလျှင် နောင်နှစ်ပေါင်း ၃၀၀ ခန့်အထိ ထုတ်ယူ သုံးစွဲနိုင်မည်ဖြစ်ပေသည်။

ကျောက်ဆည် ဘိလပ်မြေစက်ရုံတွင် အသုံးပြုလျက်ရှိသည့် ကုန်ကြမ်းများ၏ အရည်အသွေးကို ထုတ်လုပ်မှုမစတင်မီ အဆင့် မီမမီစစ်ဆေးပြီး CaO, $AL_2O_3$, $Fe_2O_2$, $SiO_2$ စသည့် ဓာတ်ပစ္စည်းပါဝင်မှု အချိုးအစားများကိုလည်း အမြဲမပြတ် စစ်ဆေးပြီးမှ ကုန်ကြမ်းရောစပ်မှုကို စနစ်တကျ ပြုလုပ်သည့်အပြင် ထုတ်လုပ်မှုအဆင့် တိုင်း၌လည်း အရည်အသွေးစစ်ဆေးမှုများ ပုံမှန်ပြုလုပ်နေသည့်အတွက် စံချိန်မီဘိလပ်မြေများ ထွက်ရှိလျက်နေပေသည်။

နိုင်ငံတော် စီမံကိန်းဝင် စက်ရုံတစ်ရုံဖြစ်သည့် ကျောက်ဆည် ဘိလပ်မြေ စက်ရုံ၏ ထုတ်လုပ်မှုနည်းစဉ်သည် နည်းစနစ်သစ်ဖြစ်သည့် အခြောက်နည်းဖြင့် ဘိလပ်မြေ ထုတ်လုပ်ခြင်းဖြစ်သည့်အတွက် တရုတ်နိုင်ငံသို့ ဝန်ထမ်း၂၄ဦးပညာသင် စေလွှတ်ခဲ့ပြီး စက်ရုံကို တရုတ်ပညာရှင်များနှင့်အတူ မြန်မာအင်ဂျင်နီယာများနှင့် ကြခင်းဘိလပ်မြေစက်ရုံမှ ဝါရင့်ဘိလပ်မြေပညာရှင်များ ပူးပေါင်းတာဝန်ယူ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ယခုအခါ ကျောက်ဆည်ဒေသတွင် စီမံကိန်းဝင် စက်ရုံသစ်ကြီးတစ်ရုံ ပေါ်ထွန်းနေပြီဖြစ်ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ရေးသားတင်ပြလိုက်ရပေသည်။ ။

## ● ဆည်တမံမှ

ဆက်လက်၍ ဝန်ကြီးသည် သကြား စက်ရုံအမှတ်(၁၁) (အင်ငါးခွ)၌ ကြိတ်ကြိတ်ဝါးသကြား ထုတ်လုပ်မည့်ရာသီအတွက် ကြိတ်လုံးကြီးများ မွမ်းမံမှု၊ ပင်မ လျှပ်စစ်ထိန်းအလုပ်ရုံ၌ စက်များ သန့်စင်မှု၊ သကြားပေါင်းအိုးများ၊ ကြိုချက်အိုးများ မွမ်းမံမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပေါက်ခေါင်းမြို့နယ်တွင် ရှိသော တောင်နဝင်းရေလှောင်တမံ ရေရရှိမှု၊ ဆည်အဆောက်အအုံများ ထိန်းသိမ်းထားရှိမှု၊ ဆည်ရေ ပေးဝေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေတောင်မြို့နယ်ရှိ နတ်မှော်လျှပ်စစ်မြစ်ရေတင် ပင်မရေတင် စက်ရုံရှိ ရေစုပ်စက်ကြီးများ၊ မော်တာများ ကြံ့ခိုင်ရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးဝင်းရွှေက ဒေသအတွင်းရှိ သီးနှံ စိုက်ခင်းများကို ရေပေးမည့်အစီအစဉ်ကို တင်ပြသည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် မင်းလှမြို့နယ် သရက်တစ်ပင်ကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း တောင်သူပညာပေးသင်တန်းကျောင်းသို့ရောက်ရှိရာ တိုင်းမန်နေဂျာ ဦးစန်းမောင်က ပညာပေး သင်တန်းကျောင်းမှ တောင်သူလယ်သမားများအား စိုက်ပျိုးရေးနည်းပညာ လိုက်နာဆောင်ရွက်ရေး၊ လယ်ယာ ကိန်းဂဏန်းမှန်ကန်ရေး၊ သဘာဝမြေသြဇာ အသုံးပြုရေး သင်တန်းပေးမည့် အစီအစဉ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း)၏ မိုးသီးနှံများစိုက်ပျိုးမှု၊ ဒေသအလိုက် ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း တိုင်းတာဝန်ခံက ဂုန်လျှော်နှင့် ချဉ်ပေါင်လျှော်စိုက်ပျိုး ထုတ်လုပ်မှုကိုလည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးထွန်းသန်းက ဒေသအတွင်း၌ ဆည်ရေလှောင်တမံများ တစ်ဆက်တစ်စပ်တည်းတည်ဆောက်နိုင်ခဲ့သဖြင့် စိုက်ပျိုးရေဖူလုံစွာရရှိလာသော ဤဒေသတွင် စိုက်ပျိုးရေးအနေဖြင့် တစ်နှစ်သုံးသီး သီးနှံပုံစံရရှိအောင်ဆောင်ရွက်နိုင်မှု၊ သဘာဝမြေသြဇာ၊ ဇီဝမြေသြဇာနှင့် ဓာတ်မြေသြဇာချိုးကျ လိုအပ်ချိန်တွင် လိုအပ်ချက်ကိုကျွေးသည့် နည်းစနစ် တောင်သူများထံ နည်းပညာပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးသည် လက်ပံတန်းမြို့နယ်တွင် ဆောင်ရွက်လျက်ရှိသော တောင်သူနည်းပညာပေးသင်တန်းကျောင်းခွဲဖြစ်သည့် မနော သုခမျိုးသန့် စံပြရွာဧက ၁၀၀ ၌ တောင်သူလယ်သမားများကို စိုက်ပျိုးမှုနည်းပညာပေးအဖြစ် လက်တွေ့ပြသထားသော ရေကျောက်ခက်ဇီဝ မြေသြဇာ မျိုးပွားမှု၊ စပါး အရွက်အရောင်တိုင်းကပ်ဖြင့် ပုလဲဓာတ်မြေသြဇာ ထည့်ချိန် သိရှိရန် တိုင်းတာမှု၊ စပါးမျိုးယှဉ်ပြိုင်ကွက်များ၊ဓာတ်မြေသြဇာသုံးမျိုး စမ်းသပ်ကွက်တို့ကို ကြည့်ရှု စစ်ဆေးရာတာဝန်ခံများကဆောင်ရွက်နေသော လုပ်ငန်းများကို ရှင်းလင်းပြသသည်။

ဝန်ကြီးသည်တောင်သူလယ်သမားများအား စိုက်ပျိုးနည်းပညာပေး စပါးစိုက်ခင်းများ ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်ရေး၊ စပါးပင်သက်တမ်းအလိုက်လိုက်နာရမည့်အချက်များ နည်းပညာပေးရေး မှာကြားသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၆၈)ကြိမ်မြောက်သွေးလှူဒါန်း



**ရန်ကုန် ဇူလိုင် ၂၁**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနမှ ဦးမြင့်စိုး လူမှုထူးချွန်တတိယဆင့်လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)သည် ဇူလိုင် ၁၇ ရက်က အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) သွေးလှူဘဏ်တွင် (၆၈)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

## တစ်ချက်တည်းဖြင့်ကျင်းဝင်

**ရန်ကုန် ဇူလိုင် ၂၁**

ဦးဝင်းသိန်း(TKT Co.,Ltd.)သည် သန်လျင်ဂေါက်ကလပ်၌ ဇူလိုင် ၁၉ရက် နံနက်၁၀နာရီတွင် ဂေါက်သီးရိုက်ကစားစဉ်ကျင်းအမှတ်(၅)သို့ ၁၃၅ ကိုက်အကွာမှ Callaway No.(3) ဘောလုံးအား Ping ISI-K No.(7) တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်ခဲ့သည်။ ကစားဖော်များအဖြစ် ဦးဝင်းကြည်၊ ဦးဝင်းထူး၊ ဦးရင်သွေးထွန်းတို့နှင့်အတူ ကစားခဲ့ခြင်းဖြစ်သည်။ **(က-ပ)**



## ဘာသာစကားသင်တန်းများဖွင့်လှစ်မည်

**ရန်ကုန် ဇူလိုင် ၂၁**

ဘာသာစကားကျွမ်းကျင်လိုသူများအတွက် Business Management, Computer Studies, Engineering, Hotel & Cartering Management, Tourism Management နိုင်ငံခြားဘာသာစကား (ဂျပန်၊ပြင်သစ်၊ဂျာမနီ၊ အင်္ဂလိပ်စာ) သင်တန်းများကို ဝင်ခွင့်ရရှိရန် Foundation Course များ ဖွင့်လှစ်လျက်ရှိသည်။

အင်္ဂလိပ်စာ အထူးကျွမ်းကျင်လိုသူများအတွက် Communication English, Business English များကိုအချိန်အတိုဆုံးနှင့် အထိရောက်ဆုံး Progressive Engineering and Language Training Center ၌ ဖွင့်လှစ်သင်ကြားနေပြီဖြစ်ရာတက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများနှင့် လုပ်ငန်းတစ်ခုခုတွင် တာဝန်ထမ်းဆောင်နေသူများ၊ ဝိဇ္ဇာသိပ္ပံဘွဲ့ရများ တက်ရောက်နိုင်ပြီး ရင်သွေးငယ်များအတွက် အဆင့်မြင့် မူကြိုသင်တန်းများကိုလည်း အမှတ် ၃၀၄၊ MGW Center၊ ဗိုလ်အောင်ကျော်လမ်း၊ (အာလာဒင်အပေါ်ထပ်)၊ ဖုန်း- ၂၄၅၈၈၆၊ ၀၉-၅၀၀-၈၇၇၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ကသစ်ဝိုင်ဝိပဿနာတရားပွဲ

**ရန်ကုန် ဇူလိုင် ၂၁**

ပဲခူးတိုင်း ဝေါမြို့ ရွှေဘုန်းပွင့် ဓမ္မရိပ်သာတွင် ၁၃၆၅ခုနှစ် ဝါခေါင်လဆန်း ၂ ရက် (ဇူလိုင် ၃၀ ရက်) ဗုဒ္ဓဟူးနေ့မှစတင်၍ တရားပွဲများကို နှစ်ပတ်တိတိ မူလဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျင်းပသွားမည် ဖြစ်သည်။ **(က-ပ)**

## ဝါဆိုသင်္ကန်းဆက်ကပ်

**ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မန္တလေးမြို့ မြန်မာ့အလင်း/ကြေးမုံ ကိုယ်ပွား သတင်းစာတိုက် ဝန်ထမ်းမိသားစုများ၏ တတိယအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၁၈ ရက် နံနက် ၁၀ နာရီက ကိုယ်ပွားသတင်းစာတိုက် ကွန်ပျူတာခန်းမတွင် ကျင်းပရာ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် သာသနာနဂ္ဂိုရကျောင်းဥသျှစ်ကုန်း ကျောင်းတိုက် ဓမ္မကထိက ဗဟုဇနေဟိတ ရေ ဓမ္မပီယ ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး စာတည်းမှူး ဦးမွေးကြည်နှင့် တာဝန်ရှိသူများက ဝါဆို သင်္ကန်းများ ဆက်ကပ်စဉ်။** (က-ပ)



# စတုတ္ထအကြိမ်ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီးညီလာခံကျင်းပရေး ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေးဆပ်ကော်မတီစည်းဝေး

**ရန်ကုန် ဇူလိုင် ၂၁**

စတုတ္ထအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာထိပ်သီး ညီလာခံကျင်းပရေး ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးနှင့် သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း တက်ရောက်၍ အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီဝင် ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြန်ကြားရေးနှင့်သတင်းမှတ်တမ်းထုတ်ပြန်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီဝင်များက ကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဆပ်ကော်မတီဝင်များ၏ ဆွေးနွေးချက်များအပေါ် ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# ကျေးလက်ပြည်သူများအပေါ်စေတနာထားဆောင်ရွက် စည်ပင်သာယာရေးအဖွဲ့များအစည်းအဝေး၌ဝန်ကြီးမှာကြား

ရန်ကုန် ဇူလိုင် ၂၁

**နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ယနေ့နံနက် ၉ နာရီတွင် ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းသော စည်ပင်သာယာရေး ဦးစီးဌာနနှင့် ပြည်နယ်/တိုင်း စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)**

အစည်းအဝေးတွင်ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားရာ၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး စီမံကိန်း လုပ်ငန်းစဉ်(၅)ရပ်အနက် ကျေးလက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိရေးအတွက် စည်ပင်သာယာရေး အဖွဲ့များက အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်း၊ ထို့ပြင် ကျေးလက် ဒေသနေပြည်သူများ လူနေမှုအဆင့် မြင့်မားရေးအတွက် ကျေးလက်အိမ်ရာ စီမံကိန်းကို စတင်အကောင်အထည် ဖော်နေပြီဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် စနစ်တကျ စီမံကိန်း ရေးဆွဲပြီး ငွေကြေးအကုန်အကျနည်း ရေး၊ အရည်အသွေးကောင်းမွန်ရေးကို ဦးစားပေးရမည်ဖြစ်ကြောင်း၊ ကျေးလက်ပြည်သူများအပေါ် စေတနာထား ပြီး စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ ထို့ပြင် ကျေးလက်ပြည်သူများ စီးပွားရေးတိုးတက်ရေး အတွက် ဒေသကြက်နှင့် ဝက်မွေးမြူရေးလုပ်ငန်းများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့်ညှိနှိုင်း၍ တိုးချဲ့ဆောင်ရွက်မည်ဖြစ်ရာ စည်ပင်သာယာရေးအဖွဲ့များကလည်း အောက်ခြေထိကွင်းဆင်း၍ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က ပြည်နယ်၊ တိုင်းများအတွင်း ကျေးလက်ဒေသများတွင် ဆောက်လုပ်ရန်လျာထားသည့် အိမ်ဦးရေ၊ ဆောက်လုပ်ပြီး အိမ်ဦးရေ၊ ဆောက်လုပ်ဆဲ အခြေအနေများကို ဆွေးနွေးတင်ပြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြငြိမ်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် သုရဦးစိုးအောင်တို့က ကျေးလက်များသို့ ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ပြည်နယ်၊ တိုင်းညွှန်ကြားရေးမှူးများက မိမိတို့ ပြည်နယ်၊ တိုင်းအတွင်းရှိ ကျေးလက်အိမ်ရာများ ဆောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ဆဲ အခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ရိုးမအနောက် ခရိုင်ချင်းဆက်လမ်းကိစ္စများ၊ ကျေးလက်မွေးမြူရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်က နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## စာသင်တိုက်များသို့ ဗလာစာအုပ်များလှူဒါန်းမည်

**ရန်ကုန် ဇူလိုင် ၂၁**

၁၉၉၄ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းခဲ့သည့် အစဉ်အလာအတိုင်း နာယက ဆရာတော်များဖြစ်ကြသော ပြည်မြို့ သီတာရုံဆရာတော် ဘဒ္ဒန္တ ကောဝိဒ၊ သာကေတ အဘယာရာမဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တ သောဘဏ၊ မန္တလေးအနောက်ခင်မကန်တိုက်စည်သာကျောင်း ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဓမ္မာစရိယ ဘဒ္ဒန္တ နာရဒနှင့် ဆရာကြီးစန်းမောင်(ဇီဝဖလ)ဦးစီးသော သာသနမာမက ဓမ္မရက္ခိတ အကျိုးဆောင်အလှူရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့က ဩဂုတ် ၂ ရက်မှ စ၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီးများသို့ ဗလာစာအုပ် ငါးသောင်းကျော်ကို ဒသမအကြိမ်မြောက် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။

**(က-ပ)**


၂၀၀၃ ခုနှစ် ဇူလိုင်လ ၂၇ ရက် တနင်္ဂနွေနေ့

**ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့**

အခြေခံပညာကျောင်း အားလုံးပါဝင်ဆင်နွှဲကြပါစို့

ပညာရေးဝန်ကြီးဌာန


## ကွန်ပျူတာစာရင်းကိုင်သင်တန်းဖွင့်မည်

**ရန်ကုန် ဇူလိုင် ၂၁**

Edulight Computer သင်တန်းကျောင်းတွင် ကွန်ပျူတာအသုံးပြု၍ စာရင်းကိုင်ပညာဘာသာရပ်ကို ဇူလိုင် ၂၆ ရက်တွင် စတင်ဖွင့်လှစ်ပြီး ရုံးဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများတက်ရောက်နိုင်ရန် စနေ၊ တနင်္ဂနွေနေ့များတွင် စီးပွားရေးတက္ကသိုလ်မှ အတွေ့အကြုံရှိ ဆရာမကိုယ်တိုင် Accpac Software Application ဖြင့် Geneval Ledger, Accounts Relcivable, Accounts Payable. Inventony Control, Order Entry စသည့် ဘာသာရပ်များကို ကျွမ်းကျင်တတ်မြောက်ရန် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။

အခြားသော Basic Course, Multimedia Course, Desktop Publishing Course, Graphic Desigs Course, A+Hard- ware & System Course, (Level I.II and Advance), Webpage Design Course, Programming Course များကိုလည်း လစဉ်ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

Silkscreen Printingလုပ်ငန်းနှင့် Color Separation လုပ်ငန်းများတွင် ဝင်ရောက်အလုပ်လုပ်ကိုင်နိုင်ရန် Corel Draw နှင့် Photoshop Application များကိုလည်း အချိန်ညှိနှိုင်း၍ တစ်ဦးချင်း သင်ကြားပေးမည်ဖြစ်ရာ စိတ်ပါဝင်စားသူများသည် Edulight Computer Centre အမှတ် ၁၁၉/၁၂၁၊ (ငါးလွှာ)၊ လသာလမ်း(အပေါ်)၊ လသာမြို့နယ် ရန်ကုန်မြို့တွင် ဆက်သွယ်စုံစမ်းတက်ရောက်နိုင်ကြောင်းသိရသည်။

**(က-ပ)**



## အကောက်ခွန်ဦးစီးဌာန ပညာသင်စရိတ်ထောက်ပံ့

**ရန်ကုန် ဇူလိုင် ၂၁**

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းသားသမီးများ၏ ၂၀၀၃-၂၀၀၄ ခု ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အကောက်ခွန်ဦးစီးဌာနစုဝေးခန်းမ၌ ကျင်းပရာ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးခင်မောင်လင်းက ပညာသင်စရိတ်ထောက်ပံ့ရခြင်း၏ ရည်ရွယ်ချက်များကိုရှင်းလင်းပြောကြားပြီး အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် အသီးသီးတွင် တက်ရောက် ပညာဆည်းပူးနေကြသည့် ဝန်ထမ်းများ၏ သားသမီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၃ဦးတို့အတွက် ပညာသင် ထောက်ပံ့ငွေများကို ပေးအပ်ရာ ကျောင်းသားကျောင်းသူများကိုယ်စား မိဘတစ်ဦးက လက်ခံယူကြောင်း သတင်းရရှိသည်။ **(ဝဲပုံ) (သတင်းစဉ်)**

## မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၂၁**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၁၀ နာရီက အထက(၁)မြေရောခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ရီက သဝဏ်လွှာဖတ်ကြားပြီး မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာကို မြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစိုးပိုင်နှင့်မင်္ဂလာဒုံမြို့နယ် ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်ကျော်စိန်လင်းတို့က ဟောကြားကြသည်။မြို့နယ်ပြန်/ဆက်ဦးစီးဌာနကလည်း မူးယစ်ဆေးဝါး စာပေ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသခဲ့သည်။

**(က-ပ)**





**ကလေးတို့အတွက် လေယာဉ်ပျံ၊ သင်္ဘော၊ မော်တော်ကား၊ ဒုံးပျံ၊ ကွန်ပျူတာ၊ တယ်လီဖုန်းနှင့်အခြားသော ခေတ်မီကိရိယာများ၏ တီထွင်မှုအခြေခံများကို ဖော်ပြထားသော Quality စာတည်းအဖွဲ့က ပြုစုသည့် "ပျော်ရွှင်စရာ တီထွင်ကမ္ဘာ" စာအုပ်မျက်နှာဖုံး (ရန်ကုန်၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် ၁၅၃၊ ၅(က)လွှာ Quality Publishing House စာအုပ်တိုက် ဖုန်း- ၇၀၆၄၁၄ က တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိသည်။)** (က-ပ)

# မကွေးတိုင်းတည်ဆောက်ရေးလုပ်ငန်းများမြင်ကွင်း

● **နိုင်ငံတော်မှ**

ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးအတွက် အဓိကလိုအပ်ချက်သည် စိုက်ပျိုးရေ ရရှိရေးဖြစ်သည်။

စိုက်ပျိုးရေရရှိရေးအတွက် နိုင်ငံတော်က ဖြစ်နိုင်သည့် နေရာဒေသများတွင် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ရေရှားပါးသည့် အညာဒေသ တိုင်းသုံးတိုင်းဖြစ်သည့် မကွေးတိုင်း၊ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်းသည် စိုက်ပျိုးရေလိုအပ်သောဒေသများဖြစ်သည်။ထိုတိုင်းသုံးတိုင်းအနက် မကွေးတိုင်းသည် ဆန်စပါး၊ ဆီ ထွက်သီးနှံနှင့် ပဲမျိုးစုံထွက်ရှိသောတိုင်းတစ်တိုင်းဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးကို အထောက်အကူပြုနေသော မြေလတ်ဒေသတစ်ခု ဖြစ်သည်။ မကွေးတိုင်းအတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုမည့် မကွေးတိုင်းဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းများကို နိုင်ငံတော်အစိုးရက အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက်လည်း မကွေးတိုင်းအတွင်း မန်းချောင်းတံတား၊ နွယ်တမယ်တံတား၊ မုန်းချောင်းတံတား၊ ဆင်ဖြူရှင်တံတား၊ အနော်ရထာတံတား၊ မကွေးတံတား၊ လောင်ကပ်တံတား၊ ချီချောင်းတံတား၊ ကျောက်ဆစ်ချောင်းတံတားနှင့် ဂုံဘိုတံတားတို့ကို တည်ဆောက်ပေးထားသည်။ မကွေးတိုင်းအတွင်း ပေ ၁၈၀အထက်တံတား စုစုပေါင်း ၃၃ စင်း၊ ပေ ၁၈၀အောက်တံတား ၃၂ စင်း တည်ဆောက်ပြီးဖြစ်သည်။ ကိုးပင်-စမ်းမကြီး-သစ်ရာကောက်လမ်းကို ဖောက်လုပ်လျက်ရှိသည်။ စိုက်ပျိုးရေရရှိရေးအတွက် မကွေးတိုင်းအတွင်း နတ်သားရေလှောင်တမံ၊ ဘုတ်ချောင်း ရေလှောင် တမံ၊ ပွဲသာရေလှောင်တမံ၊ မန်းချောင်း ရေလှောင်တမံ၊ ဆဒ္ဒန်ရေလှောင်တမံ၊ ပုလင်းရေလှောင်တမံ၊ တောင်ယင်မား ရေလှောင်တမံ၊ ကြက်မောက်နှင့် လယ်တီရေထိန်းတမံ၊ သီးခြောက် ရေလွှဲဆည်၊ ပွင့်ဖြူမြို့နယ်တွင် ကြီးအုံး-ကြီး၀ ရေလှောင်တမံမှ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်ထားသည်။ ပေါက်မြို့နယ်ရှိ သာကြီးတောင် ရေနံမြေနှင့် သဘာ၀ ဓာတ်ငွေ့မြေမှ ရေနံစိမ်းနှင့် သဘာ၀ ဓာတ်ငွေ့များကို တစ်ပြိုင်နက် ရှာဖွေတူးဖော်ထုတ်လုပ်လျက်ရှိနေပေသည်။





**မကွေးတိုင်း မကွေးမြို့နယ်တွင် ၂၀၀၂ ခုနှစ် နို၀င်ဘာလ ၂၄ ရက်နေ့က ဖွင့်လှစ်ခဲ့သည့် အရှည် ပေ ၉၉၈၉ ပေရှိ ဧရာ၀တီမြစ်ကူးတံတား (မကွေး) ကို တွေ့ရစဉ်။**

## စလင်း ရေလှောင်တမံ

**၂၀၀၁ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် မကွေးတိုင်း စလင်းမြို့နယ်၌ ဖွင့်လှစ်ခဲ့သည့် စလင်းရေလှောင်တမံကို တွေ့ရစဉ်။**

## မကွေး လေဆိပ်သစ်ကြီး

**၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက် နေ့တွင် ဖွင့်လှစ်လိုက်သည့် မကွေးလေဆိပ်အဆောက်အအုံနှင့် မကွေး လေယာဉ်ကွင်းသစ်ကြီးကို တွေ့ရစဉ်။**



## မြ၀တီရုပ်မြင်သံကြား

**၂၂-၇-၂၀၀၃**
**(အင်္ဂါနေ့) နံနက်ပိုင်း**

၇:၀၀ ၁။ မြ၀တီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်၀န်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှား၀င်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြ၀တီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြ၀တီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် (က)ပထမနှစ်(ဝါကျဖွဲ့ဗေဒ) (ခ)ပထမနှစ် (အရှေ့တိုင်းပညာ)
၅:၃၀ ၉။ စက်မှုနိုင်ငံဖြစ်ထွန်းဖို့ နိုင်ငံသားတိုင်းကြိုးပမ်းစို့
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြ၀တီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေ၀သသတင်း
၆:၂၅ ၁၄။ မြန်မာ့ရှုခင်း
၆:၄၀ ၁၅။ လျှပ်တစ်ပြက်
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အဖြူရောင်လွင်ပြင်"** အပိုင်း(၁၉)
၈:၀၀ ၁၇။ မြ၀တီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ လျှပ်တစ်ပြက်
၂၀။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (ပဥ္စမဆယ်စုနှစ်)အပိုင်း(၂)
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မုန်တိုင်းကြားက မြစ်တစ်စင်း"**အပိုင်း(၇)

## ဆူးလေအဘိဓမ္မာစာတော်ပြန်ပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၁**

ယခုလာမည့် ဩဂုတ်လ ၉၊ ၁၀၊ ၁၁ ရက်များတွင် ဗဟန်းမြို့နယ် ဗဟန်းလမ်းမကြီးရှိ အဘိဓမ္မာ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပမည့် ရန်ကုန်မြို့ ဆူးလေစေတီတော် အဘိဓမ္မာပြန့်ပွားရေးအသင်းကြီး၏ (၃၆)ကြိမ်မြောက် အဘိဓမ္မာခုနစ်ကျမ်း ပါဠိတော်အာဂုံနှင့် သဘောရေးဖြေ စာတော်ပြန်ပွဲကြီးသို့ ၀င်ရောက်ဖြေဆိုရန် သံဃာတော် အပါး ၁၂၀၊ သီလရှင် ၁၃၃ ပါးနှင့် လူပုဂ္ဂိုလ် ၄၀ စာရင်းတင်သွင်းထားကြောင်းနှင့် စာပြန်ပွဲ ကြီးကြပ်မည့် ဩ၀ါဒါစရိယ ဆရာတော်ကြီးများ၊ စာစစ်ဆရာတော်များနှင့် စာဖြေ ပုဂ္ဂိုလ်များအတွက် လှူဒါန်းလိုသူ အလှူရှင်များသည် အသင်းကြီး၏ အကျိုးတော်ဆောင်ချုပ် ဦးမျိုးခင် ဖုန်း-၂၅၁၂၅၃၊ ဘဏ္ဍာရေးမှူး ဒေါ်အေးကြော့ ဖုန်း- ၃၇၇၄၀၈၊ ရုံးအဖွဲ့မှူး ဒေါ်မေရီသက် ဖုန်း-၃၇၈၄၅၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း၊ အသင်းသူ အသင်းသားများအနေဖြင့် ဖိတ်စာ ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စာပြန်ပွဲသို့ ကြွရောက်ချီးမြှင့်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

**(က-ပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၂၂-၇-၂၀၀၃ (အင်္ဂါနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ ကဗျာပန်းဥယျာဉ်
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ ရွှေလောင်းတံတား
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar Made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၀ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၂၅ ၃။ English For Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၁၇:၀၅ ၆။ အဆိုပြိုင်ပွဲ
၁၇:၁၅ ၇။ **"စမ်းချောင်းထဲကရေ နေရောင်အောက်ကမီး"**(အပိုင်း-၃) (ခန့်စည်သူ၊ပြေတီဦး၊ခိုင်နှင်းဝေ၊ မြင့်မြင့်ခိုင်၊ ခင်သန်းနွယ်) (ဒါရိုက်တာ - သက်တင်) (ကရင်ဘာသာစကားဖြင့်)
၁၇:၃၀ ၈။ ခံစားနားဆင်တေးဇာတ်ဝင်
၁၇:၄၀ ၉။ လက်ဆင့်ကမ်းပေးဂီတတေး
၁၇:၅၀ ၁၀။ ဆိုကြမယ်၊ပျော်ကြမယ်
၁၈:၃၀ ၁၁။ ညနေခင်းသတင်း
၁၉:၀၀ ၁၂။ မိုးလေဝသအခြေအနေ
၁၉:၀၅ ၁၃။ ကြေးမုံရိပ်သွင်တေးနုယဉ်
၁၉:၁၅ ၁၄။ ကော်ဖီ(အပိုင်း-၂)
၁၉:၃၀ ၁၅။ တေးဂီတအစီအစဉ်
၁၉:၄၀ ၁၆။ သာဓုခေါ်ပြည့်ဝမ်းစာ တိုးတက်ဖွံ့ရာကြိုးပမ်းပါ
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **"သစ္စာ"** (အပိုင်း-၁၁)

# ခေတ်မကုန်သည့် စိုက်ပျိုးရေးအခန်းကဏ္ဍ ရှမ်း(အရှေ့)မြင်ကွင်း

**တောင်တွင်း ဘိုသိန်း**



**တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ကျိုင်းတုံမြို့နယ် ခွေးတမော့ဆည် အနီး၌ ကျင်းပသည့် သစ်ဆိမ့်ပင် ရာနှုန်းပြည့် စိုက်ပျိုးပွဲတွင် သစ်ဆိမ့်ပင်စိုက်ပျိုးပေးစဉ်။**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ ယန်းလောကျေးရွာအုပ်စု မိုင်းဝန်းရွာအနီးရှိ မျိုးသန့်စံပြရွာသို့ရောက်သည့်အခါ နံနက် ၈နာရီ ထိုးပါတော့မည်။ ကျွန်တော်လည်း သတင်းမှတ်တမ်းတာဝန်ဖြင့် လိုက်ပါခွင့် ရရှိခဲ့သည်။

တိုင်းမှူးနှင့် အဖွဲ့ဝင်များအား စစ်ဘက်၊နယ်ဘက်မှ အရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ ၊ ဒေသခံ တောင်သူလယ်သမားများနှင့် ကောက်စိုက်လုံမေများ စုစုပေါင်းအင်အား ၂၃၃ ဦးတို့က ကြိုဆိုခဲ့ကြသည်။

တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ မိုးစပါးစိုက်ကွင်းပြပွဲသို့ ကွင်းဆင်းလေ့လာသူများအား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပြည်နယ်မန်နေဂျာ ဦးအေးသိန်းက မျိုးသန့်စံပြစိုက်ကွင်း ဆောင်ရွက်ထားရှိမှုများကို လိုက်လံတင်ပြရှင်းလင်းခဲ့သည်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ် မန်နေဂျာ ဦးအေးသိန်းကလည်း မျိုးသန့်စံပြရွာ ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် မိုးစပါးရာသီတွင် တောင်သူပညာပေး စံပြကွက်နှင့် စမ်းသပ်ကွက်များဖြစ်သော (၁) စပါးအရွက်၏ အရောင်ကြည့်၍ မြေသြဇာ အသုံးပြုခြင်း၊ (၂) စပါးအသင့်တော်ဆုံး ထုတ်လုပ်မှုပမာဏဆီသို့ ရောက်ရှိရေး စမ်းသပ်ခြင်း (K.T.O.P)၊ (၃) ဇီဝဆူပါ မြေသြဇာ စမ်းသပ်ခြင်း၊(၄)အဇိုလာ(ရေကျောက်ခက်)အသုံးပြု စံပြကွက်၊ (၅)စပါးမျိုးယှဉ်ပြိုင်စံပြကွက်များ စိုက်ပျိုးထားရှိမှုအခြေအနေများကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် စိုက်ကွင်းလေ့လာသူများအား အသေးစိတ် တင်ပြဆွေးနွေးခဲ့သည်။

ထို့နောက် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်က လူသားတွေရှိနေသည့် အလျောက် ထိုလူသားတို့၏စားရေးအတွက် ရိက္ခာဟူသည် မရှိမဖြစ်လိုအပ်နေမည်ဖြစ်သည်။ ရိက္ခာအတွက်စိုက်ရေးပျိုးရေးလုပ်ငန်းသည် ဘယ်ခေတ်မဆို အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်နေမည်ဖြစ်ရာ သက်ဆိုင်ရာ ခရိုင်အဆင့်၊ မြို့နယ်အဆင့် စီမံအုပ်ချုပ်ရသည့် ပုဂ္ဂိုလ်များနှင့် စိုက်ပျိုးသူ တောင်သူများအနေဖြင့် စိုက်ပျိုးရေး နည်းပညာများကို လက်လှမ်းမီသမျှ ဆည်းပူးကြရမည့်အပြင် စာဖတ်ချိန် မရရှိကြသည့် တောင်သူများထံသို့ ဆင့်ပွားဖြန့်ချိရန် လိုအပ်ပုံတို့ကို အဓိကထားမှာကြားခဲ့သည်။

အထူးသဖြင့် စပါးတစ်ဧကတင်း ၁၀၀ ထွက်ရှိရေးအတွက် (၁) မျိုးကောင်းမျိုးသန့် စပါးများ အသုံးပြုစိုက်ပျိုးရေး၊ (၂) မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ သတ်မှတ်ထားသောစိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာစိုက်ပျိုးရေး၊ (၃)အချိန်အခါအလျောက်ကျရောက်လေ့ရှိသော ပိုးမွှားရောဂါများ ကြိုတင်ကာကွယ် တားဆီးရေး၊ (၄)သဘာဝမြေသြဇာများ (အဇိုလာ ရေကျောက်ခက်၊ ဘိုကာရှီ တိရစ္ဆာန်အညစ်အကြေးများ) စုဆောင်း၍ ကျယ်ပြန့်စွာ စနစ်တကျ ပြုလုပ်သုံးစွဲစိုက်ပျိုးသွားကြရန်နှင့် ယခုနှစ်ဆောင်ရွက်စိုက်ပျိုးရာတွင် အားနည်းချက် အားသာချက်များကို မှတ်တမ်းထားရှိပြီး စိုက်ပျိုးရေးကဏ္ဍ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရေးအတွက် မှာကြားခဲ့သည်။



ဤမြင်ကွင်းသည် ၆-၇-၂၀၀၃ ရက်မြင်ကွင်းဖြစ်သည်။ ၈-၇-၂၀၀၃ ရက်တွင် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံအနီးရှိ ခွေးတမော့ဆည်အနီး တပ်ပိုင်မြေများအတွင်း သစ်ဆိမ့်ပင် ရာနှုန်းပြည့် စိုက်ပျိုးပွဲတော်သို့ တက်ရောက်အားပေးပြီး သစ်ဆိမ့်ပင်များကို စိုက်ပျိုးခဲ့ကြသည်။

နိုင်ငံတော်အကြီးအကဲက သစ်ဆိမ့်သီးမှ ထွက်ရှိသည့်ဆီကို စားသုံးဆီအဖြစ် အသုံးပြုနိုင်ရေးအတွက် စီမံချက်ဖြင့် သစ်ဆိမ့်ပင်များ စိုက်ပျိုးသွားရန် လမ်းညွှန်ထားခဲ့သည်။ တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များသို့ နှစ်နှစ်စီမံချက်ဖြင့် တပ်ရင်းအဆင့် ဧက ၁၀၀၊ တပ်ဖွဲ့/တပ်ခွဲအဆင့် ၂၅ဧကဖြင့် စိုက်ပျိုးသွားရန် ညွှန်ကြားခဲ့ပြီး တစ်တိုင်းလုံးအနေဖြင့် ဧက ၅၃၀၀ စိုက်ပျိုးရမည် ဖြစ်သည်။

၂၀၀၂-၂၀၀၃ခုနှစ်တွင် တပ်ရင်းအဆင့် ဧက ၅၀၊ တပ်ဖွဲ့/တပ်ခွဲအဆင့် ၁၂ ဒသမ ၅ ဧက၊ တိုင်းစစ်ဌာနချုပ် တစ်ခုလုံးအနေဖြင့် ၂၂၈၇ ဒသမ ၅ ဧက စိုက်ပျိုးရန် သတ်မှတ်ခဲ့ပြီး ၂၁၃၇ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ချစ်ကိုကို၏ ရှင်းလင်းတင်ပြချက်ကိုလည်း မှတ်သားခဲ့ရသည်။

ယခု ၂၀၀၃-၂၀၀၄ခုနှစ်တွင် ၃၀၁၂ ဒသမ ၅ ဧက စိုက်ပျိုးရန် သတ်မှတ်ခဲ့ပြီး သတ်မှတ်စိုက်ဧက ရာနှုန်းပြည့်ဖြစ်စေရန် ၃၁၆၂ ဒသမ ၇ ဧက စိုက်ပျိုးသွားရမည်ဖြစ်သည်။ ယနေ့အထိ သစ်ဆိမ့်ပင် စိုက်ပျိုးပြီးစီးမှု ၂၄၆၇ ဒသမ ၆ ဧက ဖြစ်သဖြင့် ၂၈၄၅ ဒသမ ၄ ဧက ထပ်မံစိုက်ပျိုးသွားရမည်ဖြစ်ပြီး ယခုနှစ်မိုးရာသီ ဇူလိုင်လကုန်အပြီး စိုက်ပျိုးသွားရန် စီမံ ဆောင်ရွက်ထားပုံတို့ကိုလည်း ကြားသိခဲ့ရသည်။

ထို့အပြင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိတပ်နယ်အလိုက် သစ်ဆိမ့်ပင် စိုက်ပျိုးမှုအခြေအနေကို ကွင်းဆင်း လေ့လာရာတွင်လည်း အားရကျေနပ်ဖွယ်ရာပင် ဖြစ်သည်။ အထူးသဖြင့် ၂၀၀၂-၂၀၀၃ခုနှစ်နှင့် ၂၀၀၃-၂၀၀၄ခုနှစ် နှစ်နှစ်အတွင်း သစ်ဆိမ့်ပင်စိုက်ပျိုးပြီးစီးမှုတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

ကျိုင်းတုံ တပ်နယ်တွင် သစ်ဆိမ့်ပင်ပေါင်း စိုက်ပျိုးပြီးအပင် ၆၅၃၃၆ ပင်၊ မိုင်းခတ်တပ်နယ်တွင် ၈၇၅၀၊ မိုင်းယန်းတပ်နယ်တွင် အပင်ပေါင်း ၅၀၀၀၊ မိုင်းပျင်းတပ်နယ်တွင် ၇၇၅၀၊ တာချီလိတ်တပ်နယ်တွင် ၁၂၀၈၀၊ မိုင်းယောင်းတပ်နယ်တွင် ၂၅၀၀၊ မိုင်းခုတ်တပ်နယ်တွင် ၄၀၀၊ မိုင်းတုံတပ်နယ်တွင် ၁၁၆၀၀၊ မိုင်းဆတ်တပ်နယ်တွင် ၅၂၅၀၊ မိုင်းဖြတ်တပ်နယ်တွင် ၄၈၀၀ စုစုပေါင်း သစ်ဆိမ့်ပင်ပေါင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသတွင် ၁၂၃၄၆၆ စိုက်ပျိုးပြီး ဖြစ်သည်။

**တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် အဖွဲ့ဝင်များ ကျိုင်းတုံမြို့နယ် ယန်းလောကျေးရွာအုပ်စု မိုင်းဝန်းရွာအနီး မျိုးသန့် စံပြရွာတွင် စိုက်ပျိုးအောင်မြင်နေသည့် မိုးစပါးစိုက်ခင်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။**

စိုက်ပျိုးပင် အပင်များ ရှင်သန်ရေးကိုလည်း သက်ဆိုင်ရာ သစ်တောဌာနရှိ ဝန်ထမ်းများနှင့် မြို့နယ်အာဏာပိုင် အဖွဲ့အစည်းများ၊ တပ်မတော်သားများက အနီးကပ်စောင့်ရှောက်ရန် လိုအပ်ပုံများကို တိုင်းမှူးက မှာကြားသွားသည်ကိုလည်း မှတ်သားခဲ့ရသည်။

သစ်ဆိမ့်ပင်ရာနှုန်းပြည့် စိုက်ပျိုးပွဲ ပြီးသည့်နောက် တိုင်းမှူးနှင့် အဖွဲ့သည် ကျိုင်းတုံ – မိုင်းလားသွားကားလမ်းမအနီးရှိ ယန်းလုစိုက်ခင်းသို့ ခရီးဆက်ကာ အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်သည့် ပဲစင်းငုံစိုက်ခင်းသို့ကွင်းဆင်းလေ့လာခဲ့သည်။

ပဲစင်းငုံ စိုက်ပျိုးပြီးစီးမှု အခြေအနေကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးချစ်ကိုကိုနှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ပြည်နယ်မန်နေဂျာ ဦးအေးသိန်းတို့က လက်ရှိပဲစင်းငုံ စိုက်ပျိုးပြီးစီးမှု အခြေအနေတို့ကို မြေပုံကားချပ်များနှင့် ရှင်းလင်းတင်ပြရာ လိုအပ်သည်များကို တိုင်းမှူးက မှာကြားပြီး စိုက်ခင်းအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

ထို့အတူ ယန်းလု စိုက်ခင်းအတွင်း အောင်မြင်နေသည့် လိမ္မော်ပင် ၁၂၀၀ စိုက်ခင်းသို့လည်း သွားရောက်စစ်ဆေးခဲ့သည်။ ဖြိုးအက်၍ သီးနေသည့်လိမ္မော်ပင်များကိုကြည့်ကာ ဝမ်းမြောက်ကြည်နူးရသည်။ ဤတွင် တိုင်းမှူးက စိုက်ပျိုး၍အဆင်မပြေသော မြေနေရာဒေသများတွင် သစ်တောများ၊ နှစ်ရှည်သီးပင်များ တစ်အုပ်တစ်မ စိုက်ပျိုးရန် သက်ဆိုင်ရာတို့အား မှာကြားခဲ့သည်များကိုလည်း မှတ်သားခဲ့ရသည်။ အိမ်ပြန်ရောက်သည့်အခါ မွန်းတည့် ၁၂ နာရီ ထိုးတော့မည်။

သို့ရာတွင် အတွေးက မပြတ်ချင်၊ တိုင်းမှူး၏ဆန္ဒမှာ ရှမ်းပြည်နယ် (အရှေ့ပိုင်း)ဒေသအတွင်း သစ်ဆိမ့်ပင်များ စိုက်ပျိုးနိုင်သမျှ စိုက်ပျိုးကြရမည်။ စိုက်ပျိုးပြီးသစ်ပင်၊ သစ်ဆိမ့်ပင်များ ရှင်သန်ရေးအတွက်လည်း သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ဝင်း၏ ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြချက်တို့မှာ စိတ်ဝင်စားဖွယ်ရာပင် ဖြစ်သည်။

ထို့အပြင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသတွင် အလေ့ကျ ရှင်သန်နေသည့် ထင်းရှူးပင်များကိုလည်း စိုက်ပျိုးကြရမည်။

ကျိုင်းတုံ ရှမ်း(အရှေ့)ဒေသကို ထင်းရှူးပင်တို့ဖြင့် စိမ်းလန်းစိုပြည်ပြီး ထင်းရှူးနံ့ သင်းပျံ့ စေလိုသည်။ သက်ဆိုင်ရာတို့ အနေဖြင့်လည်း စိုက်ကြပါ၊ ပျိုးကြပါ။ လိုအပ်သည်များကိုလည်း ပံ့ပိုးမည်၊ ကူညီမည်။ ဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းသည် တိုင်းမှူး၏ မှာကြားချက်အတိုင်းပင် ဘယ်ခေတ်မဆို ခေတ်မီ၍ ရှေ့တန်းမှ နေရာယူသည့် လုပ်ငန်းဖြစ်သည်။

ဤလုပ်ငန်းများကို လုပ်ကိုင်ခြင်းသည် နောင်မျိုးဆက်သစ် နောင်လာ နောက်သားများအတွက် အဖိုးမဖြတ်နိုင်သည့် အမွေကောင်းများကို ဖန်တီးဆောင်ရွက်ခြင်းဖြစ်ကြောင်း တင်ပြရေးသားလိုက်ရပါသတည်း။ ။



**မြင်းခြံခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းမြင့်နှင့်အဖွဲ့ ဇွန် ၁၅ ရက်က တောင်သာမြို့နယ် ဒရယ်ကန်မှ ပေးဝေသော စိုက်ပျိုးရေဖြင့် စိုက်ပျိုးထားသည့် နွေစပါး ၅၆ ဧက ဖြစ်ထွန်းအောင်မြင်မှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြစဉ်။ (၄၀၂)**

**ဇူလိုင် ၁၅ ရက်က ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပထမအကြိမ် သစ်ပင်စိုက်ပွဲတော်ကို မြို့အဝင်လမ်းမကြီးဘေး ဝဲယာတွင်ကျင်းပရာ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်နှင့် ဝန်ထမ်းများ၊ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ စုပေါင်းစိုက်ပျိုးကြစဉ်။ (မြို့နယ်စည်ပင်)**



# အပြည်ပြည်ဆိုင်ရာသမဝါယမနေ့အခမ်းအနားမကွေးမြို့၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၂၀

**အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့အခမ်းအနားကို ဇူလိုင် ၅ရက် နံနက် ၉နာရီတွင် မကွေးမြို့ အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမ အသင်းစုချုပ်၌ ကျင်းပသည်။**

အခမ်းအနားတွင် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေထံမှပေးပို့သော အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ သဝဏ်လွှာကို မကွေးတိုင်း သမဝါယမ ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမောင်ဝင်းက လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ သမဝါယမအဖွဲ့ချုပ် (အိုင်စီအေ)မှ ပေးပို့သော သဝဏ်လွှာကို အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးဝင်းမောင်က လည်းကောင်းဖတ်ကြားသည်။

ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရ ကျောင်းသား ခုနစ်ဦးအား မကွေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး မျိုးအောင်က ဆုများချီးမြှင့်ပြီး အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ ဂုဏ်ပြုအထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲတွင် အထက်တန်းအဆင့်၌ မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ ခရိုင်တို့မှ ပထမ၊ ဒုတိယ၊ တတိယနှင့် အထူးဆုရရှိသူ ၁၄ဦးနှင့် အလယ်တန်းအဆင့် ဆုရရှိသူ ၁၃ဦးတို့အား မကွေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် ရဲမှူးကြီးရဲမြင့်နှင့် မကွေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်သိန်းတို့က ဆုများအသီးသီးချီးမြှင့်ကြသည်။ ထို့နောက် မကွေးခရိုင် ဂျီအီးစီအစိုးရဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်က ၂၀၀၂ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင်



အသင်းသား ဝန်ထမ်းများ၏ သားသမီးများမှ ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူ ခုနစ်ဦးတို့အား မကွေးခရိုင် ဂျီအီးစီ ဒါရိုက်တာအဖွဲ့ဝင် ဦးမောင်ဝင်းနှင့်ဦးအောင်စိုးတို့က ဆုများချီးမြှင့်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)**

**(သတင်းစဉ်)**



**သမဝါယမဝန်ကြီးဌာန ဝန်ကြီးဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ ထံမှစျေးသမဝါယမအသင်း လီမိတက် အသင်းများလုပ်ငန်း လမ်းညွှန်မှုခံယူပွဲကို ဇူလိုင် ၁၁ ရက်က အင်းစိန်မြို့နယ် သမဝါယမ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အင်းစိန်တည်းကုန်းစံပြစျေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးဝင်းက အသင်းအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (က-ပ)**

# စပါးပေါင်းသတ်ဆေးနည်းပညာဆွေးနွေး

**ရန်ကုန် ဇူလိုင် ၂၀**

Kumiai Chemical Industry Co.,Ltd.က ထုတ်လုပ်ပြီး စပါးစိုက်ခင်းများတွင် ပေါက်ရောက်သော ပေါင်းပင်အားလုံးကို ထိရောက်စွာ နှိမ်နင်းနိုင်သော 'စပါးပေါင်းသတ်ဆေး Nominee' အကြောင်း နည်းပညာဆိုင်ရာ ဆွေးနွေးပွဲကို ဇွန် ၂၄ရက် မွန်းလွဲ ၁နာရီခွဲက ရန်ကုန်မြို့ Summit Parkview Hotel ၌ Arysta Lifescience Corporation Japan နှင့် Myanmar Arysta Agro Co.,Ltd. တို့က ကြီးမှူးကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ အတွင်းရေးမှူး၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သီးနှံကာကွယ်ရေးဌာနခွဲ ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းအေးက အဖွင့်အမှာစကား ပြောကြားပြီး Kumiai Chemical Industry Co.,Ltd.မှ ဦးဆောင်ညွှန်ကြားရေးမှူး Dr.Kenji Hamada က စပါးစိုက်ခြင်းနှင့်ပေါင်းမြက်နှိမ်နင်းခြင်းဆိုင်ရာအကြောင်းကိုလည်းကောင်း၊ Arysta Lifescience Corporation Japan မှ Tenchnical Adviser Mr. Kazunobu Kondo က အာရှနိုင်ငံများတွင် ပေါင်းနှိမ်နင်းခြင်းအကြောင်းကို လည်းကောင်း၊ Kumiai Chemical Industry Co., Ltd. မှ Product Development Manager Mr.Astushi Yasuda ကအသစ်တီထွင် ဖော်ထုတ်ထားသော ထူးခြားထက်မြက်သည့် အာနိသင်ရှိသော ပေါင်းသတ်ဆေး Nominee အကြောင်းကို လည်းကောင်း၊ Myanmar Arysta AgroCo., Ltd. မှ Product Development Manager ဦးဆွေအေးက Nominee စပါးပေါင်းသတ်ဆေးအား မြန်မာနိုင်ငံတွင် စမ်းသပ်ဆောင်ရွက်ပြီးစီးမှုနှင့် အောင်မြင်ရရှိမှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။ **(က-ပ)**

**ဦးသန်းထွတ် (ပါမောက္ခ၊ငြိမ်း) ပညာရေးတက္ကသိုလ်၊ ပျဉ်းမနား မောင်နီသင်း စသည့် စာရေးဆရာများ ပါဝင်ရေးသားအားဖြည့်ထားသည့် ဦးရှုံစား ရုပ်စုံဂျာနယ် အမှတ် (၂)မျက်နှာဖုံး။ (က-ပ)**



# စည်ပင်သာယာညွှန်ကြားရေးမှူးချုပ်
# သန်လျင်နှင့်ကျောက်တန်းစိမ်းလန်းစိုပြည်ရေးစစ်ဆေး

**ရန်ကုန် ဇူလိုင် ၂၀**

စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်သည် ဇူလိုင် ၁၂ ရက် နံနက်ပိုင်းတွင် သန်လျင်မြို့ သာယာလှပ စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်သည် ကျောက်တန်းမြို့ကို ဥယျာဉ်မြို့တော် ဖြစ်စေရေးအတွက် ပန်းအလှပင်များ၊ အရိပ်ရပင်များစိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ ကျောက်တန်းမြို့ ဆင်ကန်၊ ကျောက်စီ နံရံတည်ဆောက်ပြီးစီးမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုကို လည်းကောင်း၊ သာသနာ့ ဗိမာန်အနီး ကားလမ်းဘေး ဝဲ/ယာ ရေစီးရေလာ ကောင်းမွန်ရေးအတွက် စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကိုလည်းကောင်း **(အောက်ပုံ)** မြို့တွင်းလမ်းများရှိ လမ်းလယ်ကျွန်း ဆောင်ရွက်မှုကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ထားရှိသော ပျိုးဥယျာဉ်ကို လည်းကောင်း၊ ပြာသာဒ်တန့်စေတီတော်ကြီး၏ ကုန်းတော် ကျောက်စီမြေကာ နံရံဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ လမ်းတစ်လျှောက်ရှိ လမ်းဘေး ဆိုင်းဘုတ်များ၊ လမ်းအမည်များ သပ်သပ်ရပ်ရပ် ဖြစ်စေရေးအတွက် ဆောင်ရွက်ထားမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားသည်။

ကျောက်တန်းမြို့ကို ပန်းအလှပင်များဖြင့် သာယာလှပပြီး သန့်ရှင်းသော ဥယျာဉ်မြို့တော်အဖြစ် တည်ဆောက်လျက်ရှိရာ ယခုအချိန်အထိ ပန်းအလှပင် အပင်တစ်သောင်းကျော်နှင့် အရိပ်ရပင် အပင်ခြောက်ထောင်ကျော် စိုက်ပျိုးထားပြီး ဖြစ်သည်။ ထပ်မံ၍ ပန်းအလှပင်နှင့် အရိပ်ရပင်များကို စီမံချက်ဖြင့် တိုးချဲ့စိုက်ပျိုးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# စုပေါင်းသစ်ပင်စိုက်ပျိုး

**ရန်ကုန် ဇူလိုင် ၂၀**

မကွေးတိုင်း မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် မြို့သာယာလှပစိမ်းလန်းစိုပြည်စေရန်အတွက် စုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၇ရက် နံနက် ၇နာရီက တောင်တွင်းကြီး၊ မြို့သစ်၊ နတ်မောက် ကားလမ်းမကြီး ဘေးဝဲယာ၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးထွန်းစိုးနှင့်အဖွဲ့၊ ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ကျေးလက်ပြည်သူများက ပန်းအလှပင်နှင့် အရိပ်ရပင် စုစုပေါင်း ၆၀၀၀ ကျော်ကို တပျော်တပါး စုပေါင်း စိုက်ပျိုးကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# သန်လျင်အထက(၁)ရွှေရတုသဘင်နှင့်
# ပထမအကြိမ် အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၂၀**

သန်လျင်မြို့အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ နှစ်(၅၀)ပြည့် ရွှေရတုသဘင်နှင့် အာစရိယပူဇော်ပွဲကို လာမည့်နိုဝင်ဘာ ၁၉ရက်တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှ ကျောင်းသားကျောင်းသူဟောင်းများ တက်ရောက်နိုင်ရေးနှင့် အလှူငွေများ အချိန်မီထည့်ဝင်နိုင်ရန် ဒေါ်ခင်မာချို (ကျောင်းအုပ်ဆရာမကြီးအထက-၁၊ သန်လျင်) ဖုန်း-၀၅၆-၂၁၁၄၁၊ အိမ်ဖုန်း-၀၁- ၅၃၉၄၃၃- ၁၂၈၊ ဦးကျော်ဝင်း ဒုတိယဥက္ကဋ္ဌ ရွှေရတုသဘင်ကျင်းပရေး ဖုန်း-၀၅၆-၂၁၁၆၉၊ ဒေါ်ခင်မြင့်မြင့်(သန်လျင်) ဖုန်း-၀၅၆-၂၁၂၁၂၊ ဦးကြည်မင်း (ဘဏ္ဍာရေးဆပ်ကော်မတီအတွင်းရေးမှူး) ဖုန်း - ၀၉၈၀ - ၂၄၂၁၅ထံ အချိန်မီဆက်သွယ်လှူဒါန်းနိုင်ကြောင်းနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲကို ဇူလိုင် ၂၇ရက် မွန်းတည့် ၁၂ နာရီတွင် အထက(၁)သန်လျင် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

# စည်ကားစွာ ကျင်းပ

**အပြည်ပြည်ဆိုင်ရာသမဝါယမနေ့ကို ဂုဏ်ပြုသောအားဖြင့် ရက်သတ္တပတ် အထူးစျေးရောင်းပွဲများကို ရန်ကုန်တိုင်း ဂျီအီးစီအသင်းစု ဂျီအီးစီအနောက်ပိုင်းခရိုင်နှင့် ဂျီအီးစီ တောင်ပိုင်းခရိုင်တို့တွင် ဇွန် ၂၆ရက်မှ ဇူလိုင် ၅ရက်အထိ စည်ကားစွာ ကျင်းပစဉ်။ (က-ပ)**

# ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် နှစ်ပတ်လည်မဂ္ဂဇင်း ဖြန့်ချိ

**ရန်ကုန် ဇူလိုင် ၂၀**

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ နှစ်ပတ်လည် မဂ္ဂဇင်းကို အင်္ဂလိပ်ဘာသာဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

မဂ္ဂဇင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောဘိတ၏ (ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပုဂ္ဂိုလ်များနှင့် ကျောင်းသားသစ်များအတွက် သမ္မောဒနီယကထာ ဂုဏ်ထူးဆောင်ဒေါက်တာ(Doctor of Letter) ဘွဲ့ရပါမောက္ခချုပ် ဆရာတော် ဘဒ္ဒန္တသီလာနန္ဒာဘိဝံသ၏ ဩဝါဒကထာနှင့်အတူ ဘဒ္ဒန္တဒေါက်တာ ဉာဏိဿရ(သီတဂူ) ဆရာတော်၏ ကမ္ဘောဒီးယားနိုင်ငံတွင် တက်ရောက်ခဲ့သည့် တတိယအကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာ ထိပ်သီး အစည်းအဝေး၌ ဟောကြား တင်ပြခဲ့သော "ဗုဒ္ဓဘာသာ၏ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လူသားအကျိုးပြုနေပုံများ"၊ဒေါက်တာလှဖေ(ဒုတိယပါမောက္ခချုပ်၊ စီမံ)၏ ဗုဒ္ဓ၏အမြင်ကို သိပ္ပံပညာရပ်ဖြင့် နှိုင်းယှဉ်လေ့လာ တင်ပြချက်များ ပါရှိသည်။

အပြည်အပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်နှင့် စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# တပျော်တပါးစိုက်ပျိုး

**ဇူလိုင် ၃ရက်က မရမ်းကုန်းမြို့နယ် အမျိုးသမီးရေးရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးလှမိုးနှင့်အဖွဲ့ဝင်များ (၄)ရပ်ကွက် တော်ဝင်လမ်းတစ်လျှောက်ပန်းအလှပင်နှင့်အရိပ်ရပင်များ တပျော်တပါး စိုက်ပျိုးကြစဉ်။**

**(က-ပ)**



# ဈေးများသန့်ရှင်းရေး ပုသိမ်၌ဆောင်ရွက်

**ပုသိမ် ဇူလိုင် ၁၄**

ဈေးများသန့်ရှင်းသာယာရေးအတွက် ပုသိမ်မြို့ ရွှေပြည်သာဈေးအတွင်းအပြင် သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ရေမြောင်းများအတွင်းရှိ အမှိုက်များ ရှင်းလင်းခြင်း လုပ်ငန်းကို ဇူလိုင် ၁၂ ရက်က အဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ဈေးအကျိုးတော်ဆောင်များနှင့် ဈေးသူဈေးသားများ စုပေါင်းဆောင်ရွက်ကြသည်။ **(မြို့နယ်စည်ပင်)**



# ရွှေတောင်မြို့နယ်စည်ပင် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်

**ရွှေတောင် ဇူလိုင် ၇**

ရွှေတောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သည်မြို့တွင်း ရေစီးရေလာများ ကောင်းမွန်ရေး၊ ခြင်၊ယင်စသည့်ပိုးမွှားများ အန္တရာယ်မှ ကင်းရှင်းရေးတို့အတွက် မြို့တွင်း ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ လမ်းဆုံခုံးတံတားများ ပြုပြင်ဆောက်လုပ်ခြင်းများကိုဆောင်ရွက်လျက်ရှိသည်။သရက်တောရပ်ကွက် နှပ်တန်းလမ်း ခုံးတံတားအသစ် ပြုပြင်ဆောက်လုပ်ခြင်းကို အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်ကျော်ဝင်းတို့က ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၀၃-၂၀၀၄ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြ တည် ဆောက်ပြုပြင်ရေးလုပ်ငန်းများနှင့် ရေပေးရေးလုပ်ငန်းများအတွက် ငွေကျပ် ၂၉ ဒသမ ၃၄ သိန်း၊ ကျေးလက် တည်ဆောက်ပြုပြင်ရေးလုပ်ငန်းများအတွက် ငွေကျပ်၃၂ဒသမ၆ သိန်းနှင့် ကျေးလက်ရေရရှိရေး လုပ်ငန်းများ အတွက် ငွေကျပ် ၈ဒသမ၁ သိန်း အကုန်အကျခံဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။ **(၁၁၆)**



# မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်ကျင်းပ

**တာချီလိတ် ဇူလိုင် ၁၃**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဇူလိုင် ၃ရက်က တာချီလိတ်မြို့ လူမှုရေးအသင်းခန်းမ၌ ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ညွန့်သိန်းနှင့်အဖွဲ့ဝင်များ၊မြို့နယ် ဥက္ကဋ္ဌဗိုလ်ကြီးတင့်လွင်နှင့် ခရိုင်/မြို့နယ် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသူကျောင်းသားများတက်ရောက်ကြသည်။

အခမ်းအနားတွင် တာချီလိတ်ခရိုင် အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ခရိုင်အထွေထွေ အုပ်ချုပ်ရေးမှူး ဦးထွန်းတင့်စိုးက အမှာစကားပြောကြားပြီး အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက သိကောင်းစရာများ ရှင်းလင်းပြောကြားကာ ဆုရရှိသူများအားဆုများ ချီးမြှင့်သည်။ **(ခရိုင် ပြန်/ဆက်)**

**ဇူလိုင် ၁၄ ရက်က လှည်းကူးမြို့နယ်ပေါ်ရှိ စာသင်တိုက်များမှ သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို လှည်းကူးမြို့နယ်မင်္ဂလာခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးခင်မောင်ဝင်းက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများလှူဒါန်းစဉ်။ (မြို့နယ်ပြန်/ဆက်)**

# မြို့နယ်ကျေးလက်အိမ်ရာဆောက်လုပ်မှုလုပ်ငန်း စည်ပင်ဒုတိယညွှန်ချုပ်စစ်ဆေး

**နတ်တလင်း ဇူလိုင် ၁၂**

စည်ပင်သာယာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ငြိမ်းသည် ဇူလိုင် ၈ ရက်တွင် နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော တံခွန်တိုင်ကျေးရွာဦးကျော်သန်း၏ ကျေးလက် အိမ်ရာဆောက်လုပ်မှု လုပ်ငန်းဆောင်ရွက်ထားမှုများကိုကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယညွှန်ချုပ်နှင့် အဖွဲ့အား ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးစိုးလွင်နှင့် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်ဆွေတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။

နတ်တလင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၃-၂၀၀၄ ခု ဘဏ္ဍာရေးနှစ်တွင် ကျေးလက်အိမ်ရာ ၁၀လုံး ဆောက်လုပ်ရန်လျာထားခဲ့ရာ ယခုအခါ အိမ်ရာ သုံးလုံး ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများစုပေါင်း၍ စစ်တွေမြို့ မေယုလမ်းတွင် ပန်းအလှပင်များ ဖြည့်စွက်စိုက်ပျိုးခြင်း၊ရှင်သန်ပြီး ပန်းအလှပင်များ ပေါင်းသင်၊ မြေဆွေးထည့်ခြင်းများကို ဇူလိုင် ၅ ရက်က ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)**

# ကျေးရွာချင်းဆက်တံတား ဆောက်လုပ်ပြီးစီးမှု မြို့နယ်စည်ပင်လက်ထောက်ညွှန်မှူးစစ်ဆေး

**ကြို့ပင်ကောက် ဇူလိုင် ၁၁**

ပဲခူးတိုင်း(အနောက်ပိုင်း)ကြို့ပင်ကောက်မြို့နယ် ကုန်းရွာနှင့် အုတ်ဖိုမြို့နယ် လက်ပံတောကျေးရွာ ဆက်သွယ်သည့် ကျေးရွာချင်းဆက် သစ်သားတံတားနှင့် ချဉ်းကပ်လမ်းဆောင်ရွက်ပြီးစီးမှုကို ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးအောင်၊တာဝန်ခံ အင်ဂျင်နီယာဦးမျိုးဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ရှင်းလင်းတင်ပြသည်။ **(မြို့နယ်စည်ပင်)**

# ရသဝတီ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**ရပ်စောက် ဇူလိုင် ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း)ရပ်စောက်မြို့နယ် မြို့ကုန်းရပ်ကွက် ပြည်သူ့ရဲတပ်ဖွဲ့အတွင်း ရသဝတီ ကိုယ်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲကို ဇွန် ၂၆ရက် နံနက်က အဆိုပါ စာကြည့်တိုက်တွင် ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့်ဌာနဆိုင်ရာဝန်ထမ်းများ၊မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူးနှင့်ဝန်ထမ်းများ၊မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြပြီး စာကြည့်တိုက်ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြည်စိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဦးထိန်လင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**





**ဇူလိုင် ၈ ရက်က ကျိုက်ထိုမြို့ အမှတ်(၂) ပညာ့ဗိမာန်စာကြည့်တိုက်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲတွင် စိမ်းလဲ့တင် ဥယျာဉ်ဟိုတယ် နှင့် စားတော်ဆက် မန်နေဂျာ ဦးခင်မောင်ဖြူ နှင့် ဇနီး ဒေါ်ခင်မိမိနိုင်မိသားစုတို့က ကျောင်းအုပ်ဆရာကြီး ဦးမြသန်းထံ အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းစဉ်။ (က-ပ)**

**ဝန်ထမ်းကောင်းတံဆိပ်နှင့် ဂုဏ်ပြုဆုအပ်နှင်းပွဲ အခမ်းအနားကို ဇူလိုင် ၁၂ ရက် နံနက်က မန္တလေးမြို့ ၁၉ လမ်း၊ ၆၄x၆၅လမ်းကြားရှိ မြို့နယ် မီးသတ် ဦးစီးဌာနမှူးရုံး(နန်းရှေ့)ခန်းမ၌ကျင်းပရာ တိုင်းမီးသတ်ဦးစီးမှူး ရဲကျော်သူ ရဲသူရ ဦးသန်းကျော်ကျော်က အောင်မြေ သာစံမြို့နယ်မီးသတ်ဦးစီးမှူး ဦးစိုးသန်းအား ဝန်ထမ်းကောင်း တံဆိပ်နှင့် ဂုဏ်ပြုဆုငွေပေးအပ်စဉ်။ (က-ပ)**



# ကွန်ကရစ်တံတားတည်ဆောက်

**ပခုက္ကူ ဇူလိုင် ၁၇**

ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမြင့်နှင့် အဖွဲ့ဝင်များသည်ဇူလိုင်၁၆ရက်က မြို့မလမ်းနှင့် ကျောက်စေတီလမ်းဆုံ ရေမြောင်း ရေစီးရေလာကောင်းမွန်ပြီး ယာဉ်သွားလာမှု အဆင်ပြေစေရန် ကွန်ကရစ် ရေမြောင်းတံတား ဆောက်လုပ်မှုကို ကြီးကြပ်ဆောင်ရွက်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**

**ကျိုက်လတ်မြို့နယ်သမဝါယမ ဦးစီးဌာနနှင့်သမဝါယမအသင်းများ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ သမဝါယမနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဇူလိုင် ၅ ရက်က ရွှေဝါလတ်ခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာနမှူး ဦးစီးအရာရှိ ဦးတင်ဝင်းက စာစီစာကုံး ဆုရရှိသူများအား ဆုများချီးမြှင့်စဉ်။ (၀၅၈)**

# ဘိုကလေးမြို့၌ ပန်းအလှပင်များစိုက်ပျိုးမည်

**ဘိုကလေး ဇူလိုင် ၂၀**

ဘိုကလေးမြို့ သန့်ရှင်းသာယာလှပရေးအတွက် လမ်းဘေးဝဲယာတွင် အရိပ်ရပင်နှင့် ပန်းအလှပင်များစိုက်ပျိုးနိုင်ရန် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဝင်း၊လက်ထောက်အင်ဂျင်နီယာဦးအောင်ကိုဦးနှင့် ဝန်ထမ်းများ ပျိုးဥယျာဉ်တွင် အရိပ်ရပန်း အလှပင်ပျိုးထုပ် ၄၀၀၀ ကျော် စုပေါင်းထုပ်ခဲ့ကြပြီး ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် အရိပ်ရပင် ၅၀၀၀၀၊ ပန်းအလှပင် ၅၀၀၀၀ စိုက်ပျိုးသွားမည် ဖြစ်သည်။ **(မြို့နယ်စည်ပင်)**

# မြန်မာ့အသံ

(မဟာလွှတာအဆင်တန်ဆာ-စောမုံညင်း)

၂၃-၇-၂၀၀၃
**(ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၀၇:၀၀ မင်းကွန်းဆရာတော်ကြီး၏ အာဋာနာဋိယသုတ်တရားတော်

**နေ့လယ်ပိုင်း**

၁၁:၁၅ သားငါးဖွံ့ဖြိုးပြည့်အကျိုး (တီကွေးရှားနည်းပညာ၏ ငါးအရည်အသွေးထိန်းဆေး)
၁၁:၃၀ သောတရှင်အတွက်ပြန်ကြားချက်
၁၂:၀၀ မြန်မာမှုအထွေထွေ (ကနီဦးလှညွန့်) (ပါဝင်ကာလ သဘာဝအလုပ်)
၁၂:၂၅ သူ့အတွေးနဲ့သူ့အရေး (စိတ်လျှော်စက်-မောင်ခိုင်လတ်)
၁၃:၁၀ ယဉ်ကျေးမှုအနုပညာ

**ညနေပိုင်း**

၁၇:၃၀ အစာနဲ့အာဟာရ(ချဉ်ပေါင်သီး)
၁၇:၄၅ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရအစီအစဉ် (ရန်ကုန်တိုင်းမှ ဦးအောင်ဝမ်းတူးရဲ့ ပတ္တလားလက်သံ)
၁၈:၁၅ မျက်မှောက်ရေးရာဆွေးနွေးစရာ
၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ (၁)ဒသမတန်း-သင်ရိုးသစ် မြန်မာစာသင်ရိုးကုန် လေ့လာချက် (ဦးရဲဝေ-မြန်မာစာ) (၂)ကံပြင်ပညာရွှေယတြာ(၂) (ဦးကျော်ဇေယျ)
၁၉:၁၅ ရတနာမြိုင်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့တဲ့ ဇော်ပိုင်နဲ့ ချောစုခင်တို့ရဲ့ နှစ်ယောက်တည်းကမ္ဘာတေးစီးရီး

# ဆည်တမံများတစ်ဆက်တစ်စပ်တည်းတည်ဆောက်နိုင်၍စိုက်ပျိုးရေဖူလုံ စိုက်ပျိုးရေဖူလုံစွာရရှိ၍တစ်နှစ်သုံးသီး သီးနှံပုံစံစိုက်ပျိုးထုတ်လုပ်နိုင်

ရန်ကုန် ဇူလိုင် ၂၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၁၆ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ် အင်ငါးခွသကြား စက်ရုံနယ်မြေတွင်ရှိသော ရွှေလေးချက်ကြံအထူးဇုန်ဧရိယာ၌စိုက်ပျိုးထားသော ကြံစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဝန်ကြီးသည် ကြံအထူးအထွက်တိုးဇုန်နယ်မြေတွင် ကြံမျိုးသစ်ပြောင်းလဲစိုက်ပျိုးထားသော ရွှေလီကြံမျိုး၊ နဝဒေးကြံမျိုးနှင့် ပျဉ်းမနားကြံမျိုးများ၏ အထွက်တိုးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

***စာမျက်နှာ ၁၀ ကော်လံ ၁*** ●

ကျောက်ဆည် ဘိလပ်မြေစက်ရုံသစ်ကြီးတွင် တည်ဆောက်ထားသည့် ငါးဆင့်ကြိုတင်အပူပေးစနစ် စင်မြင့်။ **(စက်မှု-၁)**



## တောင်နဝင်းဆည်



ပဲခူးတိုင်း ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်၌ တည်ရှိပြီး ပြည်၊ ပေါက်ခေါင်း၊ သဲကုန်းမြို့နယ်များအတွင်းရှိ လယ်မြေများသို့ စိုက်ပျိုးရေ ပေးဝေနေသည့် တောင်နဝင်းဆည်။ **(သတင်းစဉ်)**

# ကျောက်ဆည်ဒေသတွင် စီမံကိန်းဝင် ဘိလပ်မြေစက်ရုံသစ်ကြီးပေါ်ထွန်း အဆင့်မီဘိလပ်မြေ တစ်နှစ် တန် ၁ ဒသမ ၂ သိန်း ထုတ်လုပ်နိုင်မည် စက်ရုံအဓိကကုန်ကြမ်း ထုံးကျောက်ကို နှစ်ပေါင်း ၃၀၀ ခန့် ထုတ်ယူနိုင်

သတင်းဆောင်းပါး — အောင်(စက်မှု)

**၂၀၀၃ ခုနှစ် ဇွန် ၃၀ ရက်နှင့် ဇူလိုင် ၁ ရက်နေ့က ကျင်းပခဲ့သည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၀၃)ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အမှာစကားပြောကြားရာ၌ အထူးစီမံကိန်းလုပ်ငန်းကြီးများကို လက်တွေ့ရုပ်လုံးပေါ်အောင် အကောင်အထည်ဖော်နိုင်သည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေး ဖွံ့ဖြိုး တိုးမြင့်မှုကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း၊ အထူးစီမံကိန်းလုပ်ငန်းကြီးများကို မြန်မြန်ဆန်ဆန်၊ ကုန်ကျစရိတ်သက်သက်သာသာဖြင့် အကောင်အထည်ဖော်နိုင်ပြီး အကျိုးသက်ရောက်မှုများအပြည့်အဝဖြစ်ပေါ်ရေးအတွက် တာဝန်ခံအကောင်အထည်ဖော်နေသည့် ဝန်ကြီးဌာနကို လုပ်ငန်းဆက်စပ်နေသည့် အခြားဝန်ကြီးဌာနများက ဝိုင်းဝန်းပံ့ပိုးအထောက်အကူပြုသွားရန်လိုအပ်ကြောင်း၊ ယခုအခါ အထူးစီမံကိန်းလုပ်ငန်းများကို တစ်ခုပြီးတစ်ခု အကောင်အထည်ဖော်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်မည့်စီမံကိန်းများကို ပိုမိုတိုးတက်ကောင်းမွန်သည့်နည်းလမ်းများဖြင့် စနစ်တကျ မြန်မြန်ဆန်ဆန်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း မိန့်ကြားသွားသည်။**

အဆိုပါအစည်းအဝေး၏ဒုတိယနေ့တွင် စက်မှုကဏ္ဍနှင့်ပတ်သက်၍ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ရမည်းသင်းဆေးဆိုးပန်းရိုက်စက်ရုံစီမံကိန်း၊ ကျောက်ဆည်စွပ်ကျယ်စက်ရုံစီမံကိန်းနှင့် အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်) စီမံကိန်းလုပ်ငန်းများပြီးစီးမှုနှင့် ဧရာဝတီတိုင်း သာပေါင်းမြို့နယ်၌ တစ်နေ့ တန် ၂၀၀ ကျ ပျော့ဖတ်စက်ရုံ၊ တန် ၅၀ ကျ အဆင့်မြင့်စက္ကူစက်ရုံ၊ တစ်နေ့တန် ၆၀ ကျ အရောင်ချွတ်ပြီး ဓာတုစက်ကြိတ်ပျော့ဖတ် (CTMP) သတင်းစာ စက္ကူစက်ရုံစီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများအပြင် အကောင်အထည်ဖော်နေသည့် အခြားစက်ရုံစီမံကိန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။



မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ဆောက်ရေးလုပ်ငန်းများ၌ အဓိကကျသည့် ဆောက်လုပ်ရေးပစ္စည်းများတွင် ဘိလပ်မြေသည် အလွန်အရေးပါသည့် ထုတ်ကုန်ပစ္စည်းတစ်ခုဖြစ်သည်။ လမ်းတံတား၊ အဆောက်အအုံများနှင့် ဆည်မြောင်းတာတမံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်

***စာမျက်နှာ ၁၀ ကော်လံ ၁*** ▼

## ကျောက်ဆည် ဘိလပ်မြေစက်ရုံသစ်ကြီး

တည်ဆောက်ပြီးစီးသွားသည့် စီမံကိန်းဝင် ကျောက်ဆည် ဘိလပ်မြေစက်ရုံသစ်ကြီး။

**(စက်မှု-၁)**

ယနေ့ထုတ်စောင်ရေ

၂၁၂၂၈၇